ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

(၁၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၇၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ၁၅-၁၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များကတော့ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ စာမေးပွဲဖြေဆိုရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ကွင်းဆင်းသွားရောက်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘတ်စကက်ဘောဖွင့်ပွဲ တက်ရောက်ရန်။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန် တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၅)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်း တွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၅)ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တပ်တောင်မြို့နှင့် ကျွဲကူးတောင်ဆိပ်ကို ဆက်သွယ်ပေးနိုင်သော အမ်းချောင်းပေါ်တွင် ကျွဲကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တပ်တောင်မြို့နှင့် ကျွဲကူးတောင်ဆိပ်ကို ဆက်သွယ်ပေးနိုင်သော အမ်းချောင်းပေါ်တွင် ကျွဲကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်ရဲ့ မြို့နယ်တစ်ခုဖြစ်တဲ့ အမ်းမြို့နယ်အပါအဝင် ၎င်းနှင့်ဆက်စပ်လျက်ရှိတဲ့ မြို့နယ်များရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် တပ်တောင်မြို့နှင့် ကျွဲကူးတောင်ဆိပ်ကို ဆက်သွယ်ပေးနိုင်သော အမ်းချောင်းပေါ်တွင် ကျွဲကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်သွားမည်နှင့် မရှိပါက အဘယ်ကြောင့် တည်ဆောက်မပေးနိုင်သည်ကို သိရှိလိုခြင်းနှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဆင်းရဲမွဲတေမှု လျှော့ချရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရန်၊ ကူးသန်းသွားလာရေးနှင့် ကုန်စည်စီးဆင်းရေးလွယ်ကူစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးဟာ နိုင်ငံတစ်နိုင်ငံရဲ့ မရှိမဖြစ်ဆောင်ရွက်ရမယ့် ပင်မအခြေခံအဆောက်အဦ ဖြစ်ပါတယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေးဟာ စီးပွားရေးအတွက်လည်းကောင်း၊ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ ကဏ္ဍဖြစ်ပြီးတော့ ကုန်စည်စီးဆင်းရေးနှင့် ပြည်သူလူထု ကူးသန်းသွားလာရေးအတွက် အသက်သွေးကြောလည်း ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအထောက်အပံ့ဖြစ်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို မြှင့်တင်ပါမှ ပြည်သူလူထုဘဝမြင့်မားလာနိုင်မှာဖြစ်ပြီးတော့ နိုင်ငံတော်ရဲ့စီးပွားရေးလည်း ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အားနည်းခြင်း၊ ခက်ခဲခြင်းတို့ကြောင့် စီးပွားရေးကောင်းမွန်စေရန် ရည်ရွယ်ဆောင်ရွက်ရာတွင်လည်းကောင်း များစွာ အဟန့်အတားဖြစ်စေပါတယ်။ ရေတို၊ ရေရှည်၊ ကာလလတ် ပြည်သူ့မူဝါဒများ ရေးဆွဲသောအခါမှာလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ဟာလည်း လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံရှိခြင်းတို့နှင့် များစွာဆက်စပ်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ အမ်းမြို့နယ်ဟာဆိုလို့ရှိရင် အရှေ့ဘက်မှာ ငဖဲမြို့နယ်၊ မင်းတုန်းမြို့နယ်၊ တောင်ဘက်မှာတော့ တောင်ကုတ်၊ ရမ်းဗြဲမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီးတော့ အနောက်ဘက်မှာ ကျောက်ဖြူ မြေပုံတို့နှင့်လည်း ထိစပ်လျက်ရှိပါတယ်။ မြောက်ဘက်မှာ စေတုတ္တရာမြို့နယ်နှင့် ထိစပ်လျက်ရှိပြီးတော့ အမ်းမြို့နယ်ဟာ တောင်ကုန်း၊ တောင်တန်းပေါ်များပြီးတော့ မြစ်၊ ချောင်းများလည်း၊ ပေါ်များတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ အမ်းချောင်းဟာဆိုလို့ရှိရင် နွေရာသီမှာ (၅)ပေသာရှိပေမယ့် တောင်ကျချောင်းများကြောင့် မိုးရာသီမှာဆိုလို့ရှိရင် ရေကြီး၊ ရေလျှံမှုတွေရှိတဲ့မြို့ တစ်မြို့ဖြစ်ပါတယ်။ ဒီ အမ်းမြို့နယ်နှင့် တပ်တောင်မြို့နယ်မှာ ရပ်ကွက် (၇)ရပ်ကွက်၊ ကျေးရွာအုပ်စု (၂၉)အုပ်စု၊ ကျေးရွာပေါင်း(၂၄၀)ရှိပြီးတော့ လူဦးရေ(၁)သိန်းကျော် ရှိပါတယ်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အပါအဝင် တပ်မ၊ တပ်ရင်း (၁၄)ခုရှိပြီးတော့ မြို့နယ်အတွင်းမှာ ဒေသခံပြည်သူလူထုများသည် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီးတော့ ကုန်းလမ်း၊ ရေလမ်း၊ ရေကြောင်းလမ်းများနဲ့ ဆက်သွယ်သွားလာနေတယ်ဆိုသော်လည်း စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းပန်းဆက်သွယ်ရေး များစွာလိုအပ်နေတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။

ဒီ တံတားဟာဆိုလို့ရှိရင် စစ်တွေ - အမ်း ကားလမ်းမခွဲဖြစ်တဲ့ ရှောက်ခြံ - ကမ်းထောင်းကြီး၊ ရှူး - တပ်တောင် - ကျွဲကူး - ညောင်ချောင်း လမ်းပေါ်မှာ ရှိပြီးတော့ မြေပုံမြို့နယ်၊ ကမ်းထောင်းကြီးမြို့နယ်၊ အမ်းမြို့နယ်၊ တပ်တောင်မြို့နယ် အပါအဝင် ကျေးရွာအုပ်စုပေါင်းများစွာကို အထောက်အကူပြုမည်သာမက တောင်ကုတ်မြို့နယ်၊ မအီမြို့နယ်မှတစ်ဆင့် ကျောက်ဖြူ တောင်ကုတ် အဲဒီမှတစ်ဆင့် ပြည် - ရန်ကုန်အထိနေပြီးတော့ ဆက်သွယ်သွားလာလို့ရမယ့် မဟာဗျူဟာလမ်းမပေါ်မှာ တည်ရှိတဲ့ တံတားတစ်ခု ဖြစ်ပါတယ်။ အခုအခါမှာ စစ်တွေ - အမ်း ကားလမ်းကနေပြီးတော့ အသုံးပြုနေတဲ့အခါမှာ တောင်အတက်အဆင်းများ၍သော်လည်းကောင်း၊ ယာဉ်များ၊ ခရီးသွားပြည်သူများ အန္တရာယ်နဲ့ရင်ဆိုင်ပြီးတော့ ယာဉ်များ ရှောင်ကြဉ်ရာမှာလည်း လမ်းကျဉ်းပြီးတော့ နှစ်စဉ်မိုးရွာသွန်းမှုကြောင့် လမ်းပျက်စီးမှုများစွာကို ရင်ဆိုင်နေရတဲ့ နေရာတစ်နေရာလည်း ဖြစ်ပါတယ်။

အမ်းမြို့နယ်အပါအဝင် တပ်တောင်မြို့နယ်အတွင်း ကူးသန်းရောင်းဝယ်ရေးတိုးတက်ပြီးတော့ အချက်အချာကျတဲ့ ဒီ တံတားကို တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ရန်ကုန် - တပ်တောင် လမ်းမကတစ်ဆင့်နေပြီးတော့ ကျွန်မတို့ ရခိုင်ပြည်နယ်၊ မြို့များစွာကို အကျိုးဖြစ်ထွန်းမယ့် လမ်းပေါ်မှာတည်ရှိတဲ့ တံတားတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကူးသန်းသွားလာရေးမှာ အဆင်ပြေဖို့သော်လည်းကောင်း၊ ပြည်သူလူထုဘဝ၊ နိုင်ငံ၊ ပြည်သူလူထုဘဝ အဆင့်မြင့်မားရေးအတွက် နိုင်ငံ့ဝင်ငွေ ရှာဖွေပေးတဲ့အခါမှာ သော်လည်းကောင်း အကျိုးဖြစ်ထွန်းလာမယ်လို့ ကျွန်မအနေနဲ့ ဒီတံတား ဖြစ်မြောက်ဖို့အတွက် မှတ်ချက်ပေးလိုပါတယ်။ ဒါကြောင့်မို့လို့ အမ်းမြို့နယ်အပါအဝင် ၎င်းနှင့် ဆက်စပ်လျက်ရှိတဲ့ မြို့နယ်များရဲ့ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ ရည်ရွယ်လျက် အထက်ပါ မေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆည်ကုန်းကျေးရွာအနီး အရှေ့သာဂရ-ဆည်ကုန်း ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး (ခ)ဒေါ်အုန်းကြည် က မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆည်ကုန်းကျေးရွာအနီး အရှေ့သာဂရ-ဆည်ကုန်း ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။　　။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါ တယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ ကျွန်မက တောင်သူလယ်သမားတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် ရည်ရွယ်ပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆည်ကုန်းကျေးရွာအနီး အရှေ့သာဂရ-ဆည်ကုန်း ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အရှေ့သာဂရနှင့် ဆည်ကုန်းရွာအကြား ဇော်ဂျီမြစ်ရှိပြီးတော့ လူကူးကြိုးတံတားပဲ ရှိပါတယ်။ သံကူကွန်ကရစ်တံတား မရှိပါဘူး။ ရွာတော်၊ သင်္ဂတုံ၊ ကလေး၊ မှိုင်းပန်မြစ်တွင်းကျေးရွာတွေဟာ အရှေ့သာဂရ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)လမ်း ကနေပြီးတော့ ဟံမြင့်မိုရ်ရွာနှင့် သံရွာလမ်းကို ထွက်မယ်ဆိုလို့ရှိရင် (၁၂.၅)မိုင်ခန့်ကွာဝေးတဲ့အတွက် အချိန်ကြာမြင့်စွာ သွားရပါတယ်။ အဆိုပါရွာများရှိ တောင်သူတွေဟာ စပါး၊ နှမ်း၊ ငှက်ပျော၊ ငရုတ်၊ နနွင်းတွေ စိုက်ပျိုးကြပြီးတော့ ကျောက်ဆည်မြို့ကို လွယ်ကူစွာ ကုန်တွေ မပို့နိုင်သေးတဲ့အတွက် ရွာအရောက် လာဝယ်တဲ့သူတွေကိုသာ ရောင်းတဲ့အတွက် ထိုက်သင့်တဲ့ သီးနှံဈေးနှုန်းတွေ မရရှိပါဘူး။

အရှေ့သာဂရနှင့် ဆည်ကုန်းရွာအကြားမှာ ဇော်ဂျီမြစ်ကူးကွန်ကရစ်တံတား (၂၂၀ x ၁၆ x ၃၀)ပေ တည်ဆောက်ပြီးစီးသွားမယ်ဆိုရင် ဟံမြင့်မိုရ်-သံရွာလမ်းကို (၁.၁)မိုင်အကွာအဝေးနဲ့ အချိန်တို အတွင်း ရောက်ရှိနိုင်ပါတယ်။ အဆိုပါဆည်ကုန်းရွာအနီး ဇော်ဂျီမြစ်ကူးကွန်ကရစ်တံတားအဖြစ် ဆောင်ရွက် ပေးမည်ဆိုပါက အရှေ့သာဂရနှင့် ဆည်ကုန်းရွာအပါအဝင် ရွာပေါင်း(၇)ရွာ၊ အိမ်ခြေ(၁၄၇၇)၊ လူဦးရေ (၇၁၀၀)တို့ကို အကျိုးပြုမည်ဖြစ်ပြီးတော့ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း လွယ်ကူစွာ ကုန်စည်

ကူးသန်းရောင်းဝယ်နိုင်တဲ့အတွက် တောင်သူလယ်သမားများရဲ့ စီးပွားရေးများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဝန်ကြီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆည်ကုန်းရွာအနီး အရှေ့သာဂရ-ဆည်ကုန်း ဇော်ဂျီမြစ်ကူးကွန်ကရစ်တံတား (၂၂၀ x ၁၆ x ၃၀) ပေ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ခတ်ချောင်းဝအနီးရှိ ဒိုင်လောင်ချောင်း လူကူးကြိုးတံတားနှင့် ထိုးနူးကျေးရွာအုပ်စု၊ ရှုရွာအနီးရှိ ရန်လောင်ချောင်း လူကူးကြိုးတံတားတို့ကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ခတ်ချောင်းဝအနီးရှိ ဒိုင်လောင်ချောင်း လူကူးကြိုးတံတားနှင့် ထိုးနူးကျေးရွာအုပ်စု၊ ရှုရွာအနီးရှိ ရန်လောင်ချောင်း လူကူးကြိုးတံတားတို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ခတ်ချောင်းဝအနီးရှိ ဒိုင်လောင်ချောင်း လူကူးကြိုးတံတားနှင့် ထိုးနူးကျေးရွာအုပ်စု၊ ရှုရွာအနီးရှိ ရန်လောင်ချောင်း လူကူးကြိုးတံတားတို့ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် သိရှိလို၍ မေးတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ခတ်ချောင်းဝရွာဟာ အထက်ရွာနှင့် အောက်ရွာကြား ဒိုင်လောင်ချောင်း ခြားလျက်ရှိပါတယ်။ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဟာ အထက်ရွာတွင် တည်ရှိသောကြောင့် အောက်ရွာမှ ကျောင်းသူ၊ ကျောင်းသားများဟာ ချောင်းကိုကူးပြီး နေ့စဉ်ကျောင်းတက်နေရပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားများမှ နွယ်ကြိုး၊ နိုင်လွန်ကြိုးများကို အသုံးပြုပြီး နှစ်စဉ်တံတားပြုလုပ်ကာ အန္တရာယ်များစွာကြားမှ ခရီးသွားနေကြရ

ပါတယ်။ ဝန်ကြီးဌာနသို့လည်း တံတားပုံများကို ပို့ပေးပြီး ဖြစ်ပါတယ်။ ဒိုင်လောင်ချောင်း အကျယ်ပေ (၁၇၅)ပေရှိသော်လည်း တံတားအရှည် (၂၄၀)ပေ အရှည်လိုအပ်မည်ဖြစ်ပါတယ်။ ဒေသခံပြည်သူများ၏ လူမှုဘဝအတွက် အဓိက အားထားသွားလာနေရသော လမ်းဖြစ်သည့်အတွက် ဒေသခံပြည်သူများ ကိုယ်စား တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်၊ ထိုးနူးကျေးရွာအုပ်စု၊ ရှရွာအနီးရှိ ရန်လောင်ချောင်း ဟာ ကန်ပက်လက်မြို့နယ်၊ ကာနန်းကျေးရွာအုပ်စု ရန်ရှစ်ကျေးရွာတို့အကြား ဆက်သွယ်ထားသည့် ချောင်းဖြစ်ပါတယ်။ ပလက်ဝမြို့နယ်နှင့် ကန်ပက်လက်မြို့နယ်ကြားရှိ နယ်စပ်နေ ပြည်သူများ၏ အဓိက အားထားရာလမ်းလည်း ဖြစ်ပါတယ်။ ရန်လောင်ချောင်းဟာ (၁၂၀)ပေခန့် အကျယ်ရှိပြီး တံတား အရှည်(၁၆၀)ပေ လိုအပ်မည်ဖြစ်ပါတယ်။ နယ်စပ်နေပြည်သူများ၏ သွားလာရေးလွယ်ကူစေရန်အတွက် လူကူးကြိုးတံတားအား ဆောက်လုပ်ပေးပါရန် ပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် တခြားသော လူမှုဘဝအတွက် အထက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမြို့နယ်၊ ဒေသခံတိုင်းရင်းသား ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုတွင်ကျယ်စေရေးအတွက် ကျေးရွာချင်းဆက် မြေသားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း က တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမြို့နယ်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေစွာ သွားလာ နိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်း ပိုမိုတွင်ကျယ်စေရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်း များ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။

ကျွန်တော်က ဆက်ပြီးတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကွန်းစုမြို့နယ် ဒေသခံတိုင်းရင်းသား ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုတွင်ကျယ်စေရေး အတွက် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့

မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့် ပေးပါရန် လေးစားစွာဖြင့် ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ဟာ မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီကမ်းမြောင်ဒေသမှာတည်ရှိပြီး ကျွန်းပေါင်း(၂၀၀)ကျော်ရှိပြီးတော့မှ (၁၁၂)ကျွန်းမှာ လူနေထိုင်ကြပါတယ်။ လူဦးရေစုစုပေါင်း (၁၈၀၀၀၀)ခန့် နေထိုင်ကြပြီး ဗမာ၊ ကရင်၊ မော်ကင်း(ဆေါ်)ဆလုံ လူမျိုးအများစု နေထိုင်ကြပါတယ်။ အများစုက စီးပွားရေးလုပ်ငန်းမှာ ရေလုပ်ငန်း၊ လယ်နှင့်ဥယျာဥ်ခြံ လုပ်ငန်း လုပ်ကိုင်ကြပါတယ်။ ပင်လယ်ရေဝန်းရံနေသော ကျွန်းများဖြင့် ဖွဲ့စည်းထားပြီး မြေပြန့်နည်းပါး၍ တောင်ကုန်း၊ တောင်တန်း ပေါများလှပါတယ်။ လှပသောအပျိုစင်ကျွန်းများနှင့် သဲသောင်များရှိတဲ့အတွက် ပြည်တွင်းပြည်ပခရီးသွားများ ပွင့်လင်းရာသီရောက်တိုင်း နှစ်စဥ်လာရောက် လည်ပတ်ကြသည့်မှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံများဟာ ကျွန်းစုများပေါ်မှာ ရွာတည်၍ နေထိုင်ကြပြီး တောင်ကုန်း တောင်တန်း ပေါများသောကြောင့် တစ်ရွာနှင့်တစ်ရွာသွားလာရေး များစွာခက်ခဲပါတယ်။ ကျေးရွာအများစုကို ဆိုင်ကယ်ဖြင့် ကုန်းကြောင်းခရီးဖြင့် သွားလာရသလို ကျေးရွာချင်းဆက်လမ်း မပေါက်သေးသော စက်လှေများဖြင့်သာ တစ်ရွာနှင့်တစ်ရွာ သွားလာရပါတယ်။ ကျေးရွာချင်းဆက်လမ်း မဖောက်နိုင်သေးသော ကျေးရွာအများစုမှာ ကရင်၊ ဆလုံ တိုင်းရင်းသားကျေးရွာများဖြစ်ပြီး အချို့သော ကျေးရွာများမှာ ကျေးလက်ဆေးပေးခန်း မရှိသလို၊ ဖုန်းဆက်သွယ်ရေးလည်း မရပါ။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် တစ်ရွာနှင့်တစ်ရွာသွားလာရာမှာ ရေကြောင်းခရီးဖြင့်သာ သွားလာရသဖြင့် ရာသီဥတုဖောက်ပြန်ချိန်မှာ လှိုင်းကြီး၍ သွားလာမရသဖြင့် များစွာ အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ၎င်းလမ်းများမှာ ဝါရစ်-စန်းသစ်-ပြင်ဝန်းလမ်း(၅)မိုင်၊ သထာ-သပြေပင်-ဝါရစ်လမ်း(၅)မိုင်၊ ဒုံဒဟွန်း-ဒုံးကမာချောင်း-ဒုံးညောင်မှိုင်း(၅)မိုင်၊ ဒုံးပလဲအော်-ဒုံးဇလပ်-ဖရောဝါး-လင်းလွန်း(၁၆)မိုင်၊ မော်တုံးကြီး-တောင်သုံးလုံး (၇)မိုင်၊ စလွန်အော်ကြီး-သဲတန်းကြီး(၆)မိုင်၊ ကျားကြီးအော်-ရေချိုချောင်း(၂)မိုင်၊ မင်းခေါင်းဆေး-ပဝတ်ကြီး(၄)မိုင်၊ ညောင်ဘီး-ပဲယာ(၁)မိုင်တို့ ဖြစ်ပါတယ်။

အထက်ဖော်ပြပါ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနိုင်မည်ဆိုပါက ကျေးရွာများမှ တိုင်းရင်းသားပြည်သူများဟာ တစ်ရွာနှင့်တစ်ရွာ အလွယ်တကူသွားလာနိုင်မှာဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးတွင် ပိုမိုလျင်မြန်စွာ တိုးတက်လာမှာ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များဟာ လှပသောကျွန်းများကို လာရောက်လည်ပတ်နိုင်မည့်အပြင် တိုင်းရင်းသားကျေးရွာများသို့ပါ တစ်ဆက်တစ်စပ်တည်း လာရောက်လေ့လာနိုင်မှာဖြစ်သလို ဒေသတွင်းခရီးသွားလုပ်ငန်းများလည်း ပိုမိုတွင်ကျယ်လာနိုင်မှာဖြစ်တဲ့အတွက် ဒေသအခြေပြု ခရီးသွားလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးနှင့် ဒေသတွင်းခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်စေရေးအတွက် ကျေးရွာချင်းဆက် မြေသားလမ်းများကို ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်လျာထားသတ်မှတ်ပြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ကျွန်းစုမြို့နယ်၊ လင်းလွန်းကျေးရွာနှင့် ဒေသခံများ၏ သွားလာမှုပုံစံမြင်ကွင်းပုံ (ဗ)



လူထုအခြေပြု ခရီးသွားလုပ်ငန်း ဖွဲ့စည်းပေးထားသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းအဖွဲ့ဝင်များ၏ မြင်ကွင်းပုံ (ဗ-၁)



ကျွန်းစုမြို့နယ်၊ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ရန် လိုအပ်သောလမ်းများအား ဖော်ပြထားသော မြင်ကွင်းပုံ (ဗ-၂)

**ကျွန်းစုမြို့နယ်၊ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ရန် လိုအပ်သောလမ်းများ**

ဒုံးပုလဲအော် - ဒုံးဇလပ် - ဖရောဂါး - လင်းလွန်း (၁၆)မိုင်၊ ဒုံဒဟွန်း - ဒုံးကမာချောင်း - ဒုံးညောင်မှိုင်း (၅)မိုင်၊ မော်တုံးကြီး - တောင်သုံးလုံး (၇)မိုင်၊ စလွန်အော်ကြီး - သဲတန်းကြီး (၆)မိုင်၊ ဝါးရစ် - စန်းသစ် - ပြင်ဂန်း (၅)မိုင်၊ သထာ၊ သပြေပင်၊ ဝါးရစ်လမ်း (၅)မိုင်၊ မင်းခေါင်းဆေး - ပဂတ်ကြီး (၄)မိုင်၊ ကျားကြီးအော် - ရေချိုချောင်း (၂)မိုင်၊ ညောင်ဘီး - ပဲယာ (၁)မိုင်

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့တွင် မြို့ရှောင်လမ်းနှင့် ကားကြီးဝင်းစခန်းတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့တွင် မြို့ရှောင်လမ်းနှင့် ကားကြီးဝင်းစခန်းတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့တွင် မြို့ရှောင်လမ်းနှင့် ကားကြီးဝင်းစခန်းတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

မေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ စလင်းမြို့နယ်ဟာ မကွေးတိုင်းဒေသကြီးတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အများဆုံး မြို့နယ်တစ်မြို့နယ် ဖြစ်သလို စိုက်ပျိုးသီးနှံထုတ်လုပ်သူ အများဆုံး မြို့လည်း ဖြစ်ပါတယ်။ စေတုတ္တရာမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် နယ်နိမိတ်ထိစပ်နေခြင်းကြောင့် အဆိုပါမြို့နယ်မှ တောင်သူများကလည်း ၎င်းတို့ရဲ့ စိုက်ပျိုးထွက်ကုန်များကို စလင်းမြို့သို့ လာရောက်ရောင်းချကြပါတယ်။ မြို့ရဲ့အတိတ်သမိုင်းကိုကြည့်မယ်ဆိုရင် သက္ကရာဇ် (၅၅၆)ခုနှစ်မှာ နရပတေ့စည်သူမင်းကြီး

တည်ထားခဲ့တဲ့ ရှေးဟောင်းမြို့ဖြစ်သလို တိုင်းပြည်ရဲ့ စစ်မက်ရေးရာများ ဖြစ်ပွားလာပါက စစ်သား တစ်ထောင် စုဆောင်းပေးရတဲ့ ထောင်ပြုမြို့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ ရှေးဟောင်းမြို့ ဖြစ်တဲ့အတွက် မြို့တွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ မြို့တွင် ဘုန်းကြီးကျောင်းမြေနှင့် သူကောင်းမြေများ သာပေါများကြောင်း စိစစ်တွေ့ရှိရပါတယ်ခင်ဗျား။

အရောင်းအဝယ်လုပ်ငန်းအပြင် ဆန်စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ ဝါများကို ရန်ကုန်၊ မန္တလေး၊ မူဆယ် မြို့များသို့ (၁၀)ဘီး၊ (၁၂)ဘီးကားများဖြင့် တင်ပို့ရသလို ယင်းကားများနဲ့ပဲ လူသုံးကုန်ပစ္စည်းများကို စလင်းမြို့သို့ ပြန်လည်သယ်ယူကြရပါတယ်ခင်ဗျား။ ခရီးသွားပို့ဆောင်ရေးအနေနဲ့ အဝေးပြေးလိုင်း ဆင်ဖြူကျွန်း-စလင်း-ရန်ကုန် လိုင်းအနေနဲ့ (၁၀)ခု၊ စလင်း-ဆင်ဖြူကျွန်း-မန္တလေးလိုင်းအနေနဲ့ (၄)ခု၊ ဆင်ဖြူကျွန်း-စလင်း-နေပြည်တော်အနေနဲ့(၄)ခု၊ စလင်း-ဆင်ဖြူကျွန်း-ပြင်ဦးလွင်-တောင်ကြီးလိုင်းအနေနဲ့ (၂)ခု၊ တိုင်းတွင်းမှာရှိနေတဲ့ မြို့နယ်တွေကို ပို့ဆောင်ရေးက လိုင်း(၂၇)ခု ရှိကြောင်း စိစစ်တွေ့ရှိရ ပါတယ် ခင်ဗျား။ စလင်းမြို့မှာ မော်တော်ယာဉ်လိုင်းပြေးဆွဲမှုများပြားပြီး မော်တော်ဆိုင်ကယ်များပေါများ သော်လည်း လမ်းကကျဉ်း၊ ကားကြီးကွင်းကမရှိ မြို့ရှောင်လမ်းမရှိသော အခြေအနေများတွင် ဆိုင်ကယ် ယာဉ်တိုက်မှုဟာ မကြာခဏ ဖြစ်ပွားနေပါတယ်ခင်ဗျား။

ယခုအခါ မြို့ရှောင်လမ်းနှင့် ကားကြီးကွင်းတည်ဆောက်ရေးလုပ်ငန်းများ အဆင်ပြေစေရန် ဌာနဆိုင်ရာနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများပါဝင်လျက် အဖွဲ့များဖွဲ့စည်းပြီး မြေယာ လျော်ကြေးအတွက် ကွင်းဆင်းစိစစ်မှုများ ပြုလုပ်နေပြီ ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့တွင် မြို့ရှောင်လမ်း ကားကြီးဝင်းစခန်းတို့ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို ခာတ်ပုံမှတ်တမ်းများ ပူးတွဲပေးပို့လျက် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ပြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ထုမေမှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ တပ်တောင်မြို့နှင့် ကျွဲကူး

တောင်ဆိပ်ကို ဆက်သွယ်ပေးနိုင်သော အမ်းချောင်းပေါ်တွင် ကွဲကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ်၊ အမ်းချောင်းပေါ်ရှိ ကွဲကူးတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းပေါ်ရှိ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် ညောင်ချောင်း-တပ်တောင်လမ်းနှင့် တပ်တောင်-ရှူး-တမန်းဒူးလမ်းတို့ကို ဆက်သွယ်ပေးနိုင်မည့်တံတား ဖြစ်ပါတယ်။ တံတားတည်ဆောက်မည်ဆိုပါက ခန့်မှန်းခြေအရှည်ပေ(၁၀၀၀)ခန့် တည်ဆောက်ရမှာ ဖြစ်ပါတယ်။ လမ်း ဦးစီးဌာန ရခိုင်ပြည်နယ်အနေဖြင့် ဘဏ္ဍာနှစ်အလိုက်ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေ ခွဲဝေရရှိမှု အပေါ်မှာမူတည်ပြီးတော့ လမ်းသစ်ဖောက်လုပ်ခြင်း၊ တံတားအသစ်ဆောက်လုပ်ခြင်းတို့ကို ကျွန်တော်တို့ ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်းမှာ တည်ဆောက်ဆဲ မြစ်ကူးတံတားများဖြစ်တဲ့ မြေပုံ-မင်းပြားလမ်းပေါ်မှာရှိတဲ့ ကြပ်စင်မြစ်ကူးတံတား (၁၉၂၀)ပေ ရှိပါတယ်။ ဒါကို ကျွန်တော်တို့လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ အပြီးတည်ဆောက်ဖို့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါလည်းဒေသခံပြည်သူတွေရဲ့ လိုလားချက်အရ ကျွန်တော်တို့ ဒီ ၂၀၁၈-၂၀၁၉ မှာ အပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။ အဲဒီအပြင် မင်းဘူး-အမ်း-စစ်တွေလမ်းပေါ်မှာရှိတဲ့ ယိုးချောင်းတံတားပေ(၄၂၀)၊ မြောင်းဘွေတံတား ပေ(၇၄၀)၊ အုန်းတည်ချောင်းတံတား (၂၇၀)၊ ယောချောင်းတံတား (၁၁၀၀)ပေတို့ရှိပါတယ်။ ဒီတံတားတွေဟာ အခုတော့ ဘေလီတံတားများ ဖြစ်နေပါတယ်။ ဒါတွေကိုလည်းပဲ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားများအဖြစ် ကျွန်တော်တို့ဦးစားပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်လျက်ရှိတာကလည်းပဲ မင်းဘူးကနေပြီး ကျွန်တော်တို့ အမ်း၊ အမ်းကနေပြီး စစ်တွေအထိ စုစုပေါင်း မိုင်(၃၀၀)လောက်ရှိတဲ့ ဒီခရီးဟာ ဟိုတုန်းကဆိုရင် တစ်ညအိပ်လောက် သွားရတဲ့ ခရီးပါ။ အခု ကျွန်တော်တို့က (၁၅)နာရီ၊ အဲဒီကမှတစ်ဆင့် အခုအချိန်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ (၁၂)နာရီလောက်အထိ မောင်းချိန်လျှော့ချထားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကို ဒီ(၅)နှစ်အတွင်းမှာ မောင်းချိန်ကို ယာဉ်မောင်းတွေ (၁၀)နာရီအောက်အထိ ရောက်ရှိသွားအောင် ကျွန်တော်တို့ တံတားတွေ တည်ဆောက်သွားပါမယ်။ လမ်းတွေ တိုးချဲ့တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ယာဉ်မောင်းချိန်ကို ကျသွားအောင် ချသွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်လျက်ရှိသလို ကျွန်တော်တို့ စစ်တွေမြို့ကနေပြီးတော့ ပုဏ္ဏားကျွန်း၊ ရသေ့တောင်ကို ဖြတ်ပြီးတော့မှ ဘူးသီးတောင်၊ မောင်တောအထိ မော်တော်ကားဖြင့် စစ်တွေမှ မောင်တောအထိ မော်တော်ကား တိုက်ရိုက်မောင်းနိုင်ဖို့ အတွက်ကို ကျွန်တော်တို့ အဲဒီလမ်းကိုလည်းပဲ ဒီတံတား(၅)စင်း ရှိပါတယ်။ ဒီ တံတား(၅)စင်းကို နေ့ရော၊ ညပါ အခု တည်ဆောက်လျက်ရှိပါတယ်။

လာမယ့် ၂၀၁၈ ခုနှစ်၊ မတ်လမှာ ဒီတံတားတွေအားလုံး ပြီးသွားတယ်ဆိုရင်တော့ စစ်တွေကနေ မောင်တောအထိ တိုက်ရိုက် မော်တော်ကားဖြင့် သွားနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဦးစားပေးပြီးတော့ နေ့ရော၊ ညပါ ဆောင်ရွက်နေပါတယ်။ ဒါတွေကလည်းပဲ အခု ကျွန်တော်တို့

ရခိုင်ပြည်နယ်နှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လောက်အထိ အလေးထားဆောင်ရွက် နေတယ်ဆိုတဲ့အကြောင်း အကျဉ်းချုပ်တင်ပြခြင်း ဖြစ်ပါတယ်။ အခုတင်ပြထားတဲ့ ကွဲကူးတံတား ကိုတော့ နှစ်လမ်းသွားသံကူကွန်ကရစ်တံတား တည်ဆောက်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကစပြီးတော့ ရန်ပုံငွေများ လျာထားတင်ပြ တောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဦးစားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်မှ မေးမြန်းထားတဲ့ မန္တလေး တိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆည်ကုန်းကျေးရွာအနီး အရှေ့သာဂရ-ဆည်ကုန်း-ဈေးရွာ လမ်းပေါ်ရှိ ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆည်ကုန်းကျေးရွာအနီးရှိ ဇော်ဂျီမြစ်ကူးတံတားမှာ အရှေ့သာဂရဆည်ကုန်း၊ ဈေးရွာလမ်းပေါ်ရှိ ဆည်ကုန်းရွာနှင့် ဈေးရွာကြားတွင် တည်ရှိပါတယ်။ အဆိုပါတံတားအား တည်ဆောက်ပေးပါက ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၁၄၇၇)ရှိ လူဦးရေ(၇၁၀၀)ဦးအား အကျိုးပြုမည်ဖြစ်ပြီး သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းလာသော မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ဆည်ကုန်းကျေးရွာ အနီးရှိ ဇော်ဂျီမြစ်ကူးတံတားသည် ဟံမြင့်မိုရ်-ရွာငံလမ်းနှင့် ချိတ်ဆက်ထားသော ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော အရှေ့သာဂရ-ဆည်ကုန်း-ဈေးရွာ လမ်းပေါ်တွင်တည်ရှိသော တံတားဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ် ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသဖြင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေး သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် မှ မေးမြန်းထားတဲ့ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ခတ်ချောင်းဝအနီးရှိ ဒိုင်လောင်ချောင်း လူကူးတံတားနှင့် ထိုးနူးကျေးရွာအုပ်စု၊ ရှုရွာအနီးရှိ ရန်လောင်ချောင်း လူကူးကြိုးတံတားတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးမှ မေးမြန်းထားတဲ့ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ခတ်ချောင်းဝအနီးရှိ ဒိုင်လောင်ချောင်း လူကူးကြိုးတံတားသည် ဆမီး-မတူပီလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ပါမောင်-ဘောင်ကုန်း-မီးဟူး-လောင်တန်း-အပ်စ- ပေါက်စိုင်-ရန်ချောင်းဝ-အောက်ချိုင်းစ လမ်းပေါ်တွင် တည်ရှိသည့် ကျေးလက်နေပြည်သူများမှ

ကိုယ်ထူကိုယ်ထဆောက်လုပ်ထားတဲ့ လူကူးကြိုးတံတားများ ဖြစ်ပါတယ်။ ထို့အတူ ရန်လောင်ချောင်း လူကူးကြိုးတံတားသည် ကိုဖေရှေ-ကိုဖြေကြီး-အလယ်ဒိန်ကင်း-မောစုန်းကြီး-ငဆောင်-ထိုးနူး-မှုံတနူး-နန်းပိုင်-ချိုင်းစနူး-ဗွေတောင်း-လုံဒူး-ထိန်းခေါင် လမ်းပေါ်တွင် တည်ရှိပြီးတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပေါ်တွင် တည်ရှိသည့် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော လူကူး ကြိုးတံတားဖြစ်ပြီး တံတားများ၏ လက်ရှိအခြေအနေမှာ လူသွားလမ်းများပေါ်မှာရှိတဲ့ လူကူးကြိုး တံတားများသာလျှင် ဖြစ်ပါတယ်။ အဆိုပါ လူကူးကြိုးတံတား နှစ်စင်းအား ခိုင်ခန့်အောင် အသစ် တည်ဆောက်ပေးမည်ဆိုပါက ကျေးရွာ(၉)ရွာ၊ အိမ်ခြေပေါင်း(၂၅၀)၊ လူဦးရေပေါင်း (၁၃၇၄)ဦး တို့ကို အကျိုးပြုသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်း လာတဲ့ တံတားနှစ်စင်းအနက် ဆမီး-မတူပီလမ်းနှင့်ဆက်သွယ်တဲ့ ကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ ဒိုင်လောင်ချောင်းလူကူးကြိုးတံတားအား ခိုင်ခန့်သော သံကူကွန်ကရစ်တံတား အဖြစ်လည်းကောင်း၊ ပလက်ဝမြို့နယ်၊ ရန်လောင်ချောင်းအား ခိုင်ခန့်သော မော်တော်ဆိုင်ကယ်ကူးကြိုးတံတားအဖြစ် လည်းကောင်း၊ ၂၀၂၀-၂၀၂၁ မတိုင်မီကာလအတွင်း တည်ဆောက်ပေးသွားမည်ဖြစ်ပြီးတော့ တံတား နှစ်စင်းအနက် ရန်လောင်ချောင်းကူးတံတားကိုတော့ ဦးစားပေးပြီးတည်ဆောက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် တနင်္သာရီ တိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း မှ မေးမြန်း ထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် ဒေသခံတိုင်းရင်းသားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကျေးရွာချင်းဆက်မြေသားလမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သည့် ဝါရစ်-စန်းသစ်-ပြင်ဝန်းလမ်း (၅)မိုင်၊ သထာ-သပြေပင်-ဝါရစ် လမ်း (၅)မိုင်၊ ဒိုးဒဟွန်း-ဒိုးကမာချောင်း-ဒိုးညောင်မှိုင်း (၅)မိုင်၊ ဒိုးပလဲအော်-ဒိုးဇလပ်-ဖရောဝါး-လင်းလွန်း လမ်း (၁၆)မိုင်၊ မော်တုံးကြီး-တောင်သုံးလုံးလမ်း (၇)မိုင်၊ စလွန်အော်ကြီး-သဲတန်းကြီးလမ်း (၆)မိုင်၊ ကျားကြီးအော်-ရေချိုချောင်းလမ်း (၂)မိုင်၊ မင်းခေါင်းဆေး-ပဝတ်ကြီးလမ်း (၄)မိုင်၊ ညောင်ဘီး-ပဲယာလမ်း (၁)မိုင်တို့သည် မြေသားလမ်းများ ဖောက်လုပ်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းလာသော ကျွန်းစုမြို့နယ်အတွင်းရှိ လမ်းများအနက် ဝါရစ်-စန်းသစ်-ပြင်ဝန်းလမ်း (၅)မိုင်၊ ဒိုးပလဲအော်-ဒိုးဇလပ်-ဖရောဝါး-လင်းလွန်းလမ်း (၁၆)မိုင်၊ သထာ-သပြေပင်-ဝါရစ်လမ်း (၅)မိုင်၊ မော်တုံးကြီး-တောင်သုံးလုံးလမ်း (၇)မိုင်နှင့် မင်းခေါင်းဆေး-ပဝတ်ကြီးလမ်း (၄)မိုင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်ရှိတဲ့လမ်းများဖြစ်တဲ့ သထာ-သပြေပင်-ဝါရစ်လမ်း၊ ဒိုဒဟွန်း-ဒိုးကမာချောင်း-ဒိုးညောင်မှိုင်းလမ်း၊ ကျားကြီးအော်-ရေချိုချောင်းလမ်း၊ ညောင်ဘီး-ပဲယာလမ်းတွေကတော့ ကျွန်းပေါ်မှာရှိပြီးတော့ အဆိုပါလမ်း(၄)လမ်းကိုတော့ National Strategy For Rural Roads and Access ပါ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ လမ်း/တံတားလုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစားပေးရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအပေါ်တွင် စိစစ်၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ အမှတ်(၆)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်မှ မေးမြန်းထားတဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်တွင် မြို့ရှောင်လမ်းနှင့် ကားကြီးဝင်းစခန်း တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိစပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့သည် ဧရာဝတီမြစ်အနောက်ဖက်ခြမ်းရှိ မင်းဘူး-ပွင့်ဖြူ-စလင်း-တညောင်-ဆိပ်ဖြူလမ်းမိုင်တိုင် (၃၈/၃)နှင့် စလင်း-စေတုတ္တရာလမ်းဆုံတွင် တည်ရှိပြီး မြို့တွင်းကတ္တရာလမ်း အကျယ်(၁၈)ပေ၊ အရှည်(၂)မိုင်၊ (၄)ဖာလုံရှိပါတယ်။ ၂၁-၈-၂၀၁၇ ရက်နေ့မှ ၂၇-၈-၂၀၁၇ ရက်နေ့အထိ လမ်းဦးစီးဌာနမှ ကောက်ခံရရှိသောစာရင်းများအရ တစ်ရက်ပျမ်းမျှဖြတ်သန်းသွားသော ယာဉ်စီးရေမှာ မင်းဘူး-တညောင် အသွားအပြန် (၂၉၁)စီး၊ စလင်း-စေတုတ္တရာ အသွားအပြန် (၂၅၁)စီး ရှိပါတယ်။ မင်းဘူး မြို့မှ ဆိပ်ဖြူမြို့သို့ တိုက်ရိုက်သွားလာနိုင်ရန်အတွက် မြို့ရှောင်လမ်း(၁)မှာ မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်း မိုင်(၃၇/၀)မှစတင်၍ မိုင်(၄၀/၃)အထိ လမ်းအရှည် (၃)မိုင်ကျော်ခန့်နှင့် စေတုတ္တရာသို့ တိုက်ရိုက်သွားလာနိုင်ရန်အတွက် မြို့ရှောင်လမ်း(၂)မှာ မင်းဘူး-စလင်း-ဆိပ်ဖြူလမ်း မိုင်တိုင်(၃၇/၃)မှ စလင်း-စေတုတ္တရာလမ်း မိုင်တိုင်(၁/၀)အထိ လမ်းအရှည်(၁)မိုင် နီးပါးခန့် ဖောက်လုပ်ရမှာဖြစ်ပါတယ်။

စလင်းမြို့ရှောင်လမ်းအမှတ်(၁) ဖောက်လုပ်မည်ဆိုပါက လျာထားလမ်းအူကြောင်းအရှည် (၃)မိုင်ခန့်တွင် ခန့်မှန်းလယ်မြေ(၁၂)ဧက၊ အိမ်ခြေ(၂၀)လုံးနီးပါး ပါဝင်ကြောင်း လမ်းဦးစီးမြို့နယ်အရာရှိ၏ တင်ပြချက်အရ သိရပါတယ်။ လမ်းဦးစီးဌာနမှ လျာထားလမ်းအူကြောင်းအား အသေးစိတ်ပြန်လည်တိုင်းတာရမှာ ဖြစ်ပါတယ်။ လျာထားလမ်းအူကြောင်း အမှတ်(၂)ဖောက်လုပ်မည်ဆိုပါက လက်ရှိ စာစီကျောင်းရပ်မှာရှိတဲ့ စိန်ပန်းဘုန်းတော်ကြီးကျောင်းရဲ့ ဘေးနားကနေပြီးတော့ ဖြတ်သန်းသွားရမှာ ဖြစ်ပါတယ်။ ကျောင်းထိုင်ဆရာတော်ကတော့ လောလောဆယ်မှာ ကန့်ကွက်ထားပါတယ်။ မြေအသုံးပြုခွင့် မပေးသေးသည့်အတွက် ရှောင်ကွင်းလမ်း ဖောက်လုပ်မယ်ဆိုလို့ရှိရင်တော့ လယ်ယာစိုက်ပျိုးမြေတွေ အများကြီးကို ကျွန်တော်တို့ သိမ်းဆည်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မြေသိမ်း၊ ယာသိမ်းကိစ္စများကို ဆက်လက်ဆောင်ရွက်သွားရမယ့် အခြေအနေရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ စလင်းမြို့ရှောင်လမ်းများကို ဖောက်လုပ်နိုင်ဖို့အတွက် ပထမဦးစွာ လမ်းအူကြောင်း ရှာဖွေတိုင်းတာရမှာ ဖြစ်ပါတယ်။ အဆိုပါ လမ်းအူကြောင်းများ ရှာဖွေတိုင်းတာရေးအဖွဲ့မှ တိုင်းတာပုံထုတ်ပေးတဲ့ လမ်းအူကြောင်း သတ်မှတ်ချက်အပေါ်မှာ မူတည်၍ မြေယာလျော်ကြေးကိစ္စရပ်များ စိစစ်ညှိနှိုင်းတွက်ချက်ခြင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ရန်ပုံငွေများ တွက်ချက်သွားရမှာ ဖြစ်ပါတယ်။ လမ်းအူကြောင်း အမှတ်(၁)အား လမ်းပုံထုတ်တိုင်းတာပြီးတော့ မြေယာလျော်ကြေးကိစ္စတွေ ဆောင်ရွက်ပြီးသွားပြီဆိုရင်တော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လမ်းအူကြောင်း အမှတ်(၂)အတွက်ကတော့ စိန်ပန်းဘုန်းတော်ကြီးနှင့် အခုအချိန်မှာ ကျွန်တော်တို့ ညှိနှိုင်းလျက်ရှိပါတယ်။ ညှိနှိုင်းရရှိပြီးတော့ ဆရာတော်ရဲ့ ခွင့်ပြုချက်ရပြီဆိုရင်တော့ ကျွန်တော်တို့ အမြန်ဆုံးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆရာတော်ရဲ့ ညှိနှိုင်းချက်ရရှိမှုကိုလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ ပါဝင်ပြီးတော့ ညှိနှိုင်းပေးဖို့လည်း ဒီနေရာကနေပြီးတော့ မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။ ကားကြီးဝင်း တည်ဆောက်ပေးရန်နှင့် ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော အချက်အလက်များအရ စလင်းမြို့၊ စာစီကျောင်းအရပ်မှာ အကျယ် (၁)ဧကခွဲရှိတဲ့ လက်ရှိကားရပ်နားစခန်း တည်ဆောက်ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကားကြီးဝင်းစခန်းထပ်မံတိုးချဲ့ရန် မြေနေရာကျဉ်းမြောင်းခြင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း တိုးချဲ့နိုင်ရန် မြေကွက်အကျယ်အဝန်းရရှိနိုင်မည့် နေရာမရှိခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမရှိခြင်းတို့ကြောင့် နိုင်ငံတော်ထောက်ပံ့ငွေ၊ ပြည်ထောင်စုရန်ပုံငွေတွေ ရရှိလို့ရှိရင်တော့ မြို့ရဲ့တိုးတက်လာမယ့် မော်တော်ယာဉ်စီးရေပေါ်မူတည်ပြီးတော့ ကားကြီးကွင်း ထပ်မံတိုးချဲ့ရန်အတွက် လုံလောက်သော အကျယ်အဝန်းရှိသည့် မြေနေရာများကို မြို့ပြင်ရှိ လယ်ယာမြေကွက်များ ဝယ်ယူ၍ တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို

ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည် ဖြစ်သည်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့သည့် "MICA (Myanmar International Cooperation Agency)"အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာ စိစစ်ခဲ့သည့် ကော်မတီ၏ ကြားဖြတ်အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်းခဲ့သည့် "MICA (Myanmar International Cooperation Agency)"အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကော်မတီ၏ ကြားဖြတ်အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌက ကြားဖြတ်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးသိမ်းဆွေ(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသား လွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးမှာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့တဲ့ MICA (Myanmar International Cooperation Agency) အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းသို့ ၁၆-၉-၂၀၁၇ ရက်နေ့မှ ၂၂-၉-၂၀၁၇ ရက်နေ့အထိ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ တင်သွင်းမှာ ဖြစ်ပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ MICA အဆိုနှင့် စပ်လျဉ်းသည့် ကြားဖြတ်အစီရင်ခံစာ

စာအမှတ်၊ ၂/ အမ (ဥပဒ) /၁(၀၅၁)အာမကတိ/၂၀၁၇ - ၀၇၆
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇(က)၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၃ တို့အရ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး၊ အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများနှင့်ပတ်သက်၍ နောက်တစ်ကြိမ်ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းရန် ဖြစ်ပါတယ်။

၂။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့မှ အခါအားလျော်စွာပေးခဲ့သည့် ကတိများကို လိုက်နာခြင်း ရှိ/မရှိ စိစစ်နိုင်ရန်နှင့် ကတိများကို မည်သည့်အခြေအနေအထိ ဆောင်ရွက်ပြီးစီး ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိ စိစစ်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆၊ နည်းဥပဒေခွဲ(က)နှင့်(ခ) တို့အရ ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ ဦးဆောင်သည့်အဖွဲ့သည် MICA (Myanmar International Cooperation Agency) အဆိုနှင့် စပ်လျဉ်း၍ ၁၆-၉-၂၀၁၇ ရက်နေ့မှ ၂၂-၉-၂၀၁၇ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီးနှင့်

ဧရာဝတီတိုင်းဒေသကြီးများသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၀၊ နည်းဥပဒေခွဲ(င) အရ ကြားဖြတ်အစီရင်ခံစာတင်သွင်းခြင်း ဖြစ်ပါတယ်။

## ရည်ရွယ်ချက်

၃။ ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့၌ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး က နိုင်ငံတော်၏ သားငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည် ဆိုသော MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ်ခြယ်လှယ် လုပ်ကိုင်ဆောင်ရွက် ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင် ခွင့်ပြု မိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က အတည်ပြုထားပြီးဖြစ်ပါသဖြင့် လုပ်ငန်းများ ဆောင်ရွက် ထားရှိမှု အခြေအနေကို ကွင်းဆင်းလေ့လာစိစစ်ပြီး တွေ့ရှိချက်များကို ကော်မတီ၏ သုံးသပ်အကြံပြုချက် များနှင့်အတူ လွှတ်တော်သို့ အစီရင်ခံစာတင်ပြရန်ဖြစ်ပါတယ်။

## ကွင်းဆင်းစိစစ်ဆောင်ရွက်ချက်များ

၄။ ကော်မတီသည် အောက်ပါ ပုဂ္ဂိုလ်များနှင့် ကွင်းဆင်းလေ့လာစိစစ်ခဲ့ပါတယ်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဥက္ကဋ္ဌ။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ အတွင်းရေးမှူး။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ အဖွဲ့ဝင်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အဖွဲ့ဝင်။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အဖွဲ့ဝင်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အဖွဲ့ဝင်။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အဖွဲ့ဝင်။ ဦးကျော်မြင့်ဦး၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အဖွဲ့ဝင်။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ အဖွဲ့ဝင်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ အဖွဲ့ဝင်။ ဒ့ါအပြင် ကျွန်တော်တို့ အဆိုရှင်ဖြစ်တဲ့ ဒေါ်နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)နဲ့ ဆွေးနွေးသူများထဲမှ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) တို့ကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးထံ တင်ပြပြီးတော့ ကွင်းဆင်းစိစစ်တဲ့နေရာမှာ တစ်ပါတည်း ကျွန်တော်တို့ အနေနဲ့ သွားရောက်ခဲ့ပါတယ်။

၅။ ကွင်းဆင်းစိစစ်ရေးအဖွဲ့သည် ၁၆-၉-၂၀၁၇ ရက်နေ့မှ ၂၂-၉-၂၀၁၇ ရက်နေ့အထိ လုပ်ငန်း စီမံချက်ရေးဆွဲပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းသို့ MICA နှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့သော ခြံ၊ စက်ရုံ၊ လုပ်ငန်း၊ စခန်းများသို့ အောက်ဖော်ပြပါအတိုင်း သွားရောက် စိစစ်ခဲ့ပါတယ်-

(က) ၁၆-၉-၂၀၁၇ ရက်နေ့ ကွင်းဆင်းစိစစ်ခြင်းမှာ နေပြည်တော်မှာ စုရပ်အဖြစ် ထားရှိပြီးတော့ လွှတ်တော်ရုံးခွဲ(ရန်ကုန်)မှာ အခြေပြုပြီးစိစစ်တဲ့ လုပ်ငန်းတွေကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြပါတယ်။

(ခ) ၁၇-၉-၂၀၁၇ ရက်နေ့ ကွင်းဆင်းစိစစ်ခြင်းမှာ (၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အတွင်းမှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ရွာသာကြီး၊ ကြက်သားထုတ်စက်ရုံနဲ့ အအေးခန်း(၁၀)ဧက၊ ယခု ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံ၊ အေးခဲထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတွေကို ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ (၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မှာရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ရွာသာကြီးဇုန်(A)(၂၈.၇)ဧက၊ Whole Sale Market နဲ့ Shop House တည်ဆောက်ခြင်းလုပ်ငန်းအား ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ (၃) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် ရွာသာကြီးဇုန်(D)(၉၆.၄၂)ဧက တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းများအားကွင်းဆင်းစိစစ်ခဲ့ပါတယ်။

(ဂ) ၁၈-၉-၂၀၁၇ ရက်နေ့ ကွင်းဆင်းစိစစ်ခြင်းမှာ (၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် တညင်းကုန်း အစာစပ်စက်ရုံ မြေလွတ်(၁)ဧက၊ MICA Power စက်သုံးဆီ အရောင်းဆိုင်အား ကွင်းဆင်း စိစစ်ခဲ့ပါတယ်။ (၂) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းရှိ တညင်းကုန်းအုတ်စက်မြေ (၆၄.၅၄)ဧက၊ Wholesale Market တည်ဆောက်ခြင်းလုပ်ငန်းအား ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ (၃) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းရှိ ယခင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နေရာဟောင်း(အင်းစိန်)အား သွားရောက်လေ့လာခဲ့ပါတယ်။

(ဃ) ၁၉-၉-၂၀၁၇ ရက်နေ့ ကွင်းဆင်းစိစစ်ခြင်း အောက်ပါအတိုင်း ကျွန်တော်တို့ စိစစ်ခဲ့ပါတယ်။ (၁) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးတင်/ချဆိပ်ခံတံတားနှင့် ငါးဈေးကွက်လုပ်ငန်း (Jetty) အား ကွင်းဆင်းစိစစ်ခဲ့ပါသည်။ (၂) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် Batching Plant လုပ်ငန်းအား ကွင်းဆင်းစိစစ်ခဲ့ပါတယ်။ (၃) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် MICA Power စက်သုံးဆီ အရောင်းဆိုင်လုပ်ငန်းအား ကွင်းဆင်းစိစစ်ခဲ့ပါသည်။ (၄) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံကျောင်းအား ဝင်ရောက်လေ့လာခဲ့ပါသည်။ (၅) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ရေလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို ကွင်းဆင်းစိစစ်ခဲ့ပါတယ်။

( င ) ၂၀-၉-၂၀၁၇ ရက်နေ့ ကွင်းဆင်းစိစစ်ခြင်း။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် အတွင်းရှိ ငါးမွေးမြူရေးစခန်း(၁၂၃၃.၄၆)ဧကအား ကွင်းဆင်းစိစစ်ခဲ့ပါသည်။

( စ ) ၂၁-၉-၂၀၁၇ ရက်နေ့ ကွင်းဆင်းစိစစ်ခြင်းအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင် မြို့နယ်အတွင်းရှိ ဝါးတောကွင်းငါးမွေးမြူရေးစခန်း(၃၀၀)ဧကအား ကွင်းဆင်းစိစစ်ခဲ့ပါသည်။

**စိစစ်တွေ့ရှိချက်များ**

၆။ အထက်ဖော်ပြပါအတိုင်း ကွင်းဆင်းလေ့လာစိစစ်ချက်အရ စိစစ်တွေ့ရှိချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) ရွာသာကြီးကြက်သားထုတ်စက်ရုံနှင့် အအေးခန်း(၁၀)ဧကသည် ယခင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင်ဖြစ်ပြီး ယခုအခါ MICA နှင့် Rich Farm Co.,Ltd တို့ စာချုပ်ချုပ်ဆို၍ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံ၊ အေးခဲထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှာ ၂၅-၃-၂၀၁၆ ရက်နေ့ဖြစ်ပြီး၊ လုပ်ငန်း၏စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း (၆၂၆.၃၃) ဖြစ်ကြောင်းစိစစ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ခွင့်ပြုမိန့် တင်ပြနိုင်ခြင်းမရှိပါ။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရွာသာကြီး အအေးခန်းစက်ရုံနှင့် Rich Farm Co., Ltd မန်းနေဂျင်းဒါရိုက်တာ ဦးအေးထွန်း တို့သည် ၂၂-၁၀-၂၀၁၃ ရက်နေ့တွင် ရွာသာကြီးအအေးခန်းစက်ရုံ၏ အစိတ်အပိုင်းအတွင်း ငါး/ပုစွန်အေးခဲခြင်း လုပ်ငန်းဆောင်ရွက်ရန် ငါး/ပုစွန်သန့်စင်ခန်း(၁)ခန်း၊ အေးခဲခန်း(၂)ခန်း၊ အေးခဲ သိုလှောင်ခန်း(၁)ခန်းနှင့် ပစ္စည်းသိုလှောင်ရုံ(၂)လုံးတို့ကို ကနဦး တစ်လလျှင် (၂၁)သိန်း ဖြင့်ငှားရမ်းခြင်း၊ စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းနောက် ၂၀၁၅ ခုနှစ် MICA မှ နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် တင်ဒါခေါ်ယူပြီး အများဆုံး ပေးနိုင်သည့် Profit Share ဖြင့် ပူးပေါင်းလုပ်ဆောင်ရန် ဖိတ်ခေါ်ခဲ့ရာ Rich Farm Co., Ltd က တင်ဒါအောင်မြင်ခဲ့ပြီး ၃၀း၇၀ ဖြင့် လုပ်ငန်းလုပ်ကိုင်ရန် ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ထပ်မံစာချုပ် ချုပ်ဆိုခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ စာရင်းပါတွက်ချက်မှုအတိုင်း တစ်လလျှင် (၅၆၂၉၂၃၀)ကျပ် ပေးသွင်းလျက်ရှိကြောင်း စိစစ်တွေ့ရှိပါသည်။ ၎င်းစက်ရုံတွင်

လုပ်သားအင်အား(၁၃၀)ခန့်ရှိပြီး ယခုလောလောဆယ်ထုတ်လုပ်မှုမှာ တစ်လလျှင် ငါး/ပုစွန် မက်ထရစ်တန်ချိန် (၂၀၀)ခန့် ထုတ်လုပ်လျက်ရှိပြီး မျှော်မှန်းမက်ထရစ်တန်ချိန်(၃၀၀)အထိ ထုတ်လုပ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။ စက်ရုံတည်နေရာ အကျယ်အဝန်းသည် (၁၀)ဧကသာဖြစ်ပြီး ၎င်းနှင့် ဆက်စပ်လျက်ရှိသော ကျန်(၇၃)ဧကအား Rich Farm Co.,Ltd က ငါးများ မွေးမြူထားရှိကြောင်း တွေ့ရှိရပြီး၊ တစ်နှစ်လျှင် တစ်ဧက(၁) သိန်းနှုန်းဖြင့် ငှားရမ်း ဆောင်ရွက်ထားကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါ (၇၃)ဧကအား ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်ထားရှိကြောင်း မတွေ့ရှိရပါ။ ယခုအခါ အဆိုပါစက်ရုံဝင်းအတွင်းတွင် မူလအဆောက်အအုံများအပြင် အခြားအဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်ထားခြင်းများကိုလည်း စိစစ်တွေ့ရှိရပါသည်။ စာချုပ်ပါ အကျိုးအမြတ်ခွဲဝေမှု ၃၀း၇၀ တွင် နိုင်ငံတော်မှ အရင်းအနှီးများ (ဥပမာ မြေ၊ မူလအဆောက်အအုံ၊ စက်ပစ္စည်းကိရိယာများ) ထည့်ဝင်ထားရပြီး အကျိုးအမြတ် ခွဲဝေမှုတွင် မမျှမတဖြစ်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ စာချုပ်တွင် အကျိုးအမြတ်ခွဲဝေမှုတွင် လုပ်ငန်းအပ်နှံသူက (၃၀)ရာခိုင်နှုန်းနှင့် လုပ်ငန်းလက်ခံ ဆောင်ရွက်သူက (၇၀)ရာခိုင်နှုန်း ပါရှိသော်လည်း ငွေကျပ် (၅၆)သိန်းကျော် ပုံမှန်ပေးသွင်းမှုသာရှိခြင်းကြောင့် အကျိုးအမြတ်ခွဲဝေမှုမဟုတ်ဘဲ ငှားရမ်းခပေးသွင်းသည့် ပုံစံမျိုးဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ စာချုပ်များ ချုပ်ဆိုရာတွင်လည်း ပွင့်လင်းမြင်သာမှု အားနည်းသည်ကို စိစစ်တွေ့ရှိရပါသည်။ စာချုပ် ချုပ်ဆိုသည့်ကာလမှာ ၁-၄-၂၀၁၆ မှ ၃၁-၃-၂၀၄၆ အထိ နှစ်(၃၀)ချုပ်ဆိုထားကြောင်း စိစစ်တွေ့ရှိရပါသည်။

( ခ ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ရွာသာကြီးဇုန်(A) (၂၈.၇)ဧကသည် အမှတ်(၂)လမ်းမကြီးဘေးတွင်တည်ရှိပြီး Whole Sale Market နှင့် Shophouse များ ဆောက်လုပ်ရန်အတွက်၂၀၁၅ ခုနှစ်တွင် အဆိုပြုလွှာများ ခေါ်ယူခဲ့ပြီး၊ (၈၈၈ × ၆၈၀)ပေ Whole Sale Market (၁)လုံးနှင့် (၃၀ × ၄၀)ပေ နှစ်ထပ် Shophouse (၆၄)လုံး တည်ဆောက်ရန်အတွက် တင်ဒါခေါ်ယူခဲ့ရာ Glory Heyday Services Co.,Ltd က တင်ဒါအောင်မြင်ခဲ့ပြီး ၁၄-၁-၂၀၁၆ ရက်နေ့တွင် MICA နှင့် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ လုပ်ငန်းခန့်မှန်း တန်ဖိုးကျပ်သန်းပေါင်း (၂၅၂၁၇.၉၂၁) ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ MICAခွင့်ပြုမိန့် တင်ပြနိုင်ခြင်းမရှိဘဲ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၇-၁-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေး အမှတ်စဥ်(၁/၂၀၁၆)မှ သဘောတူကြောင်းကို ကုမ္ပဏီသို့ ပေးပို့သည့် စာမိတ္တူအရ စိစစ်တွေ့ရှိရပါသည်။

( ဂ ) ရွာသာကြီးဇုန်(D) (၉၆.၄၂)ဧကသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ အမှတ်(၂)လမ်းမကြီးဘေးတွင် ရှိသောနေရာ ဖြစ်ပါသည်။ MICA

မှ ဇုန်(D)အား တန်ဖိုးသင့်အိမ်ရာများဆောက်လုပ်ရန်အတွက် Glory Heyday Services Co.,Ltd နှင့်၁၄-၁-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ လုပ်ငန်းခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း (၁၉၇၂၄.၁၅၇) ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ MIC ၏ ခွင့်ပြုမိန့် တင်ပြနိုင်ခြင်းမရှိဘဲ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၇-၁-၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၆)မှ သဘောတူကြောင်းကို ကုမ္ပဏီသို့ ပေးပို့သည့်စာမိတ္တူအရ စိစစ်တွေ့ရှိရပါသည်။ စာချုပ်တွင် MIC မှ ခွင့်ပြုသည့်နေ့ရက်(၃၀)အတွင်း လုပ်ငန်းစတင်ရမည်ဟု ပါဝင်သော်လည်း MIC ခွင့်ပြုချက်မလိုဟု တင်ပြချက်များသည် မူဝါဒများ ရောထွေးကာ လုပ်ကိုင်ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် ဇုန်(A)၊ ဇုန်(D)အပြင် အခြားဇုန် (B ၊ C ၊ E ၊ F ၊ G)တို့ကိုပါ မြေပြင်တွင်ဆောင်ရွက်ရန် လျာထားသည်ကို တွေ့ရှိရသဖြင့် ဆက်လက်စီမံခန့်ခွဲမည့် လုပ်ငန်းများပါ ရှင်းလင်းမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ကုမ္ပဏီမှ ရှင်းလင်းပြောကြားရာတွင် MIC ခွင့်ပြုချက်မလိုဟု ဒါရိုက်တာမှ ပြောကြားပြီး၊ စာချုပ်ပါအချက်များနှင့် ကွဲလွဲနေသည်ကို စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောက်လုပ်ခွင့်ပြုမိန့် မရရှိသေးဘဲ ဖောင်ဒေးရှင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ထားသည်ကို စိစစ်တွေ့ရှိရပါသည်။ ထို့ပြင်စာချုပ်အရ ဇုန်(D)အတွက် ဘဏ်တွင် ဒေါ်လာသန်း(၆၀) Deposit တင်ထားခြင်းမရှိပါ။ စာချုပ်တွင် ဌာနမှ (၃၀)ရာခိုင်နှုန်း၊ ကုမ္ပဏီမှ (၇၀)ရာခိုင်နှုန်း အကျိုးအမြတ်ခွဲဝေယူမည့်ကိစ္စကို နှုတ်ဖြင့်သာ သဘောတူညီမှုရှိထားကြောင်း စိစစ်တွေ့ရှိရပါသည်။ စာချုပ်ပါ အချက်များကိုပင် လိုက်နာမှုမရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါကိစ္စရပ်များကိုလည်း အစိုးရသစ် လွှဲပြောင်းတာဝန်ယူပြီးနောက် အစိုးရသစ်ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား အသိပေးတင်ပြထားခြင်း မရှိကြောင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကော်မတီဝင်များ တွေ့ဆုံစဉ် ဖြေကြားချက်အရ စိစစ်တွေ့ရှိရပါသည်။ ဇုန်(D)မြေပေါ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများမှာ 120 ft × 40 ft ($5^{th}$ storyed) အလုံး (၄၂၈)လုံး ဆောက်လုပ်ရန် ရည်ရွယ်ထားပြီး၊ ယခုအခါ ဖောင်ဒေးရှင်းချခြင်းလုပ်ငန်း(၆၂)ခု ဆောင်ရွက်ထားရှိပြီး လုပ်ငန်းများ ရပ်ဆိုင်းထားသည်ကို စိစစ်တွေ့ရှိရပါသည်။

(ဃ) တညင်းကုန်းအစာစပ်စက်ရုံ မြေလွတ်(၁)ဧကသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းတွင် တည်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် မြေနေရာဖြစ်ပါသည်။ ယခုအခါ MICA နှင့် Winlily mining Co., Ltd တို့ ၂၂-၃-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုပြီး ငှားရမ်းခ တစ်လလျှင် ကျပ်သိန်း(၃၀)ဖြင့် သဘောတူလုပ်ကိုင်နေသော MICA Power စက်သုံးဆီအရောင်းဆိုင်အဖြစ် ဆောင်ရွက်နေသောလုပ်ငန်း ဖြစ်ပါသည်။ ငှားရမ်းခအဖြစ် တစ်လလျှင် ကျပ်သိန်း(၃၀)နှုန်းဖြင့် တစ်နှစ်စာ ကျပ်သိန်း(၃၆၀)အား MICA

သို့ ပေးသွင်းပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ စာချုပ်တွင် အကျိုးအမြတ်ခွဲဝေယူမည်ဟု ပါရှိသော်လည်း အမှန်တကယ်တွင် မြေငှားခ တစ်လလျှင် ကျပ်သိန်း (၃၀)သာ ပေးသွင်းခြင်းဖြစ်ပြီး၊ စာချုပ် ချုပ်ဆိုမှုမှာ မရှင်းလင်းကြောင်း စိစစ်တွေ့ရှိရပါသည်။ ဌာနမှ မြေနေရာသာပေးပြီး ကျန်အဆောက်အဦများအား ကုမ္ပဏီမှ ဆောက်လုပ်၍ MICA Power အမည်ဖြင့် စက်သုံးဆီ ရောင်းချနေကြောင်းကို စိစစ်တွေ့ရှိရပါသည်။ စာချုပ်ချုပ်ဆိုသည့် ကာလမှာ ၂၂-၃-၂၀၁၆ မှ ၂၁-၃-၂၀၆၆ အထိ နှစ်(၅၀)ချုပ်ဆိုထားကြောင်း စိစစ်တွေ့ရှိရပါသည်။ တညင်းကုန်း အစာစပ်စက်ရုံ မြေလွတ်(၁)ဧကသည် ယခင် (၇)ဧကကျော် ကျယ်ဝန်းသည့် အစာစပ်စက်ရုံ (အဟောင်း)နှင့် တစ်ဆက်တည်းတည်ရှိနေပြီး ရုံးအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ကျန်ရှိနေသည်ကို စိစစ်တွေ့ရှိရပါသည်။ ယခုအခါ တိရစ္ဆာန် အစာများ ထုတ်လုပ်မှု မရှိတော့ပါ။ စက်ပစ္စည်းကိရိယာများမှာလည်း အသုံးမပြုတော့၍ အချို့ ပျက်စီးယိုယွင်းနေသည်ကို စိစစ်တွေ့ရှိရပါသည်။

( င ) တညင်းကုန်းအုတ်စက်မြေ(၆၄.၅၄)ဧက၊ Wholesale Market တည်ဆောက်ခြင်းလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်း တည်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင်မြေနေရာဖြစ်ပါသည်။ ယခုအခါ MICA နှင့် First Golden Dragon Construction Co., Ltd. တို့သည် ၁၆-၂-၂၀၁၆ ရက်နေ့တွင် Wholesale Market တည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ယခုအခါ အဆိုပါမြေနေရာများသို့ ပြင်ပမှ ကျူးကျော်ဝင်ရောက်နေထိုင်သူများ အများအပြားရှိခြင်းကြောင့် လုပ်ငန်းကို စတင်နိုင်ခြင်း မရှိသေးပါ။ စာချုပ်ပါလုပ်ငန်း၏တန်ဖိုးမှာ ဒေါ်လာ(၆၂)သန်းခန့်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

( စ ) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်းရှိ (ယခင်)မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နေရာဟောင်း(အင်းစိန်)အား ဝင်ရောက်လေ့လာခဲ့ပါသည်။ အဆိုပါ မြေနေရာသည် (၁၃၄.၇၃၈)ဧက ကျယ်ဝန်းပြီး ကနဦး MICA သို့ လွှဲပြောင်းရာတွင် ပါဝင်သည်ဟု ကိုယ်စားလှယ်များနှင့် ဒေသခံများက ပြောကြားထားရာ ယခုအခါ MICA သို့ လွှဲပြောင်းပေးအပ်ထားခြင်းမရှိကြောင်း တာဝန်ခံများ၏ တင်ပြချက်များအရ သိရှိရပါသည်။

(ဆ) ခေတ်မီ ငါးတင်/ချ ဆိပ်ခံတံတားနှင့် ငါးဈေးကွက်လုပ်ငန်း(၂.၀၆)ဧက (Jetty) သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းတွင် တည်ရှိပြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် မြေနေရာဖြစ်ပါသည်။ ယခုအခါ MICA နှင့် အောင်ဖြိုးမြတ်ကုမ္ပဏီတို့သည် ငါးတင်/ချဆိပ်ခံတံတားနှင့် ငါးဈေးကွက်လုပ်ငန်း(Jetty) လုပ်ကိုင်ဆောင်ရွက်ရန် အတွက် ၂၇-၁၀-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ မြေငှားရမ်းခ

တစ်နှစ်လျှင် (၄၉,၃၅၃,၄၈၀)ကျပ်အား ဌာနသို့ပေးသွင်းပြီး စာချုပ်ကာလမှာ နှစ်(၅၀) သက်တမ်းအထိဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)၏ ခွင့်ပြုမိန့်အမှတ်၊ မနသ-၁၁၉၈/၂၀၁၆ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၉-၄-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၅) အရ အောင်ဖြိုးမြတ်ကုမ္ပဏီမှ လုပ်ငန်းများ ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ လုပ်ငန်းပြီးစီးမှုအခြေအနေမှာ ရေငန်လုပ်ငန်း(၁၀၀)ရာခိုင်နှုန်း၊ ရေချိုငါးဈေး(၈၀)ရာခိုင်နှုန်းနှင့် ရုံးအဆောက်အအုံ (၄၀)ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် အောင်ဖြိုးမြတ်ကုမ္ပဏီသည် (Jetty) ဆောက်လုပ်ရန်အတွက် ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်မှ ကျပ်သိန်းပေါင်း(၃၀၀၀၀)ခန့်အား ချေးယူထားကြောင်း တာဝန်ခံ တင်ပြချက် အရသိရှိရပြီး၊ ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိသေးပါ။ အဆိုပါ ချေးငွေများဖြင့် လုပ်ငန်းများ ယခုမှစတင်၍ လည်ပတ်ဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ စာချုပ်ချုပ်ဆိုရာတွင် ဌာနနှင့် ကုမ္ပဏီတို့ တိုက်ရိုက်ချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ လုပ်ငန်းခန့်မှန်းတန်ဖိုးငွေမှာ ကျပ်သန်းပေါင်း(၄၅၀၀)ဖြစ်ပြီး၊ တည်ဆောက်မှုကာလ (၃)နှစ်သတ်မှတ်ထားကြောင်း စိစစ်တွေ့ရှိရပါသည်။ ယခုအခါ လုပ်ငန်းများ စတင်လုပ်ကိုင်နေသော်လည်း အဖက်ဖက်မှ ပြန်လည်သုံးသပ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဇ) Batching Plant (သဲ၊ ကျောက်စရစ်၊ ဘိလပ်မြေ ပေါင်းစပ်ထားသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း) (၀.၅၅)ဧကသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းတွင်တည်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် မြေနေရာဖြစ်ပါသည်။ ၉-၄-၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅)မှ MICA သို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုခဲ့ပြီး၊ MICA နှင့် အောင်ဖြိုးမြတ်ကုမ္ပဏီတို့သည် ၂၂-၃-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး (၁)နှစ် မြေငှားရမ်းခ (၁,၂၂၄,၂၁၅)ကျပ်ဖြင့် Batching Plant တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ဆောင်နေသောလုပ်ငန်း ဖြစ်ပါသည်။ Jetty နှင့် မြေနေရာ တစ်ဆက်တည်းတည်ရှိပြီး၊ ယခုအခါတွင် လုပ်ငန်းများ ရပ်နားထားသည်မှာ ရက်ပေါင်း(၂၀)ခန့် ရှိပြီဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါ မြေငှားခြင်းကိစ္စနှင့်ပတ်သက်၍ မြေငှားခသည် ယခုဒေသပေါက်ဈေးနှင့် တွက်ချက်ပါက အလွန်နည်းကြောင်း စိစစ်တွေ့ရှိရပါသည်။ စာချုပ်ချုပ်ဆိုရာတွင်လည်း Jetty နှင့် Batching Plant လုပ်ငန်းတွင် ယခင်စာချုပ်များနှင့် မြေငှားခနှုန်းများမှာမတူဘဲ စတုရန်းမီတာနှင့် တွက်ယူခြင်း၊ စတုရန်းပေဖြင့် တွက်ယူခြင်း (၂)မျိုးဖြစ်ကာ ကွဲပြား

ခြင်းကြောင့် ရှုပ်ထွေးမှုကိုဖြစ်စေကြောင်း စိစစ်တွေ့ရှိရပါသည်။ မြေငှားရမ်းသည့် ကာလသည် နှစ်(၅၀)ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အားနည်းချက်မှာ စာချုပ်တွင် ထည့်သွင်းရေးသားထားသည့် စကားလုံးများသည် တိကျမှုမရှိဘဲ ရှုပ်ထွေးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဈ) MICA Power စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း(၁.၄၃)ဧကသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းတွင်တည်ရှိပြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် မြေနေရာဖြစ်ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုမိန့်မရှိဘဲ၊ ပြည်ထောင်စုအစိုးရ၏ ၉-၄-၂၀၁၅ ရက်နေ့၊ အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၅) အတည်ပြုချက်နှင့် စီးပွားရေးရာကော်မတီခွင့်ပြုမိန့် ၁၃-၃-၂၀၁၅ ရက်နေ့၊ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၅)တို့ဖြင့် အောင်ဖြိုးမြတ်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်းသည် MICA နှင့် အောင်ဖြိုးမြတ်ကုမ္ပဏီတို့ ၂၂-၃-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုပြီး ငှားရမ်းခ တစ်လလျှင် ကျပ်သိန်း(၃၀)ဖြင့် နှစ်(၅၀) ငှားရမ်းရန် သဘောတူ ချုပ်ဆိုခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယခင်က အဆိုပါမြေနေရာတွင် ငါးဦးစီးဌာနပိုင်မော်တော်ယာဉ်များအား ဆီထည့်ပေးသည့်နေရာဟောင်းဖြစ်ပြီး ယခုမြေနေရာ (၁.၄၃)ဧကအား အောင်ဖြိုးမြတ်ကုမ္ပဏီမှ ငှားရမ်းပြီး MICA Power အမည်ဖြင့် စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းဖြစ်ပါသည်။ ကုမ္ပဏီမှ မိမိ၏ မူရင်းလုပ်ငန်းနာမည်မပေးဘဲ MICA Power ဆိုသည့်အမည်ဖြင့် ဆက်လက် ရောင်းချနေသည်မှာလည်း ပြည်သူများအား အထင်အမြင်ဝေ၀ါးစေပြီး ပွင့်လင်းမြင်သာမှု မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ မြေငှားစာချုပ်များ ချုပ်ဆိုရာတွင်လည်း နေရာဒေသအလိုက် စံနှုန်းများ သတ်မှတ်ချက်မရှိဘဲ သင့်သလို ငှားရမ်းချုပ်ဆိုထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

(ည) တစ်ဆက်တစ်စပ်တည်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအောက်ရှိ ငါးလုပ်ငန်းအတတ်သင် သိပ္ပံကျောင်း (၅.၇၄) ဧကသို့ ဝင်ရောက်လေ့လာခဲ့ပြီး၊ သင်တန်းကျောင်းတာ၀န်ခံက လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စိတ်ပါဝင်စားစွာဖြင့် အပြန်အလှန် အကြံပြု ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

(ဋ) ရေလုပ်ငန်းနှင့်ဆက်စပ်သည့်လုပ်ငန်း (၃၂.၄၅၄)ဧကသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် မြေနေရာဖြစ်ပါသည်။ MICA နှင့် First Golden Dragon Construction Co.,Ltd. တို့ အကျိုးတူလုပ်ငန်း လုပ်ကိုင်

ရန်အတွက် ၁၈-၃-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းတန်ဖိုး ခန့်မှန်းခြေဒေါ်လာ(၈၀)သန်းခန့်ဖြစ်ပြီး လုပ်ငန်းများမှာ -

(၁) Apartment housing

(၂) Sea Food Market

(၃) Multistorey Carparking

(၄) Commercial area (Shop house)

(၅) Central Shopping Center တို့ တည်ဆောက်မည့် လုပ်ငန်းဖြစ်ပါသည်။ အကျိုးတူအနေဖြင့် MICA မှ (၃၅)ရာခိုင်နှုန်းနှင့် FGDC မှ (၆၅)ရာခိုင်နှုန်း ရယူရန် သဘောတူထားသည့် လုပ်ငန်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဆောင်ရွက် ထားရှိသည့် လုပ်ငန်းများအနေဖြင့် Soil Test ပြုလုပ်ခြင်း၊ (၅.၄)ဧကကို မြေဖို့ခြင်း၊ တောရှင်းခြင်း၊ မြေညှိခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ရှင်းလင်းဆောင်တစ်ဆောင် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိသည်ကို စိစစ်တွေ့ရှိရပြီး၊ ယခုအခါ လုပ်ငန်းများ ရပ်ဆိုင်းထားကြောင်း စိစစ်တွေ့ရှိရပါသည်။ ယခုအခါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာနမှ အကြိုတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန် ခွင့်ပြုပြီး ဖြစ်သော်လည်း ဌာနမှ MICA ဖျက်သိမ်းထား၍ ရပ်ဆိုင်းထားရန် ညွှန်ကြားသောကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းမရှိပါ။ တည်ဆောက်ခြင်း ကုန်ကျစရိတ်လုပ်ငန်းများ အားလုံးကို FGDC ဘက်မှ အလုံးစုံ တာဝန်ယူတည်ဆောက်ရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားသည်ကို စိစစ်တွေ့ရှိရပါသည်။ ကျွမ်းကျင်ပညာရှင်များ၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေနိုင်သော အကြောင်းအရာများနှင့် ရေစီးရေလာကောင်းမွန်ရေး တို့ကိုပါ သေသေချာချာ ထည့်သွင်းတွက်ချက်၍ ဆောင်ရွက်သင့်သော လုပ်ငန်း တစ်ခုအဖြစ် စိစစ်တွေ့ရှိရပါသည်။

(ဌ) တွံတေးငါးမွေးမြူရေးစခန်း(၁၂၃၃.၄၆)ဧက ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာတွင်တည်ရှိပြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးမွေးမြူရေးစခန်း ဖြစ်ပါသည်။ တွံတေးငါးလုပ်ငန်းစခန်းသည် မြန်မာ့ရေလုပ်ငန်းမှ လွှဲပြောင်းရယူခဲ့သည့်စခန်းဖြစ်ပြီး၊ ဝန်ထမ်းအင်အားမှာ တာဝန်ခံဦးစီးအရာရှိ (၁)ဦးနှင့် အမှုထမ်း(၉)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဌာနငါးသားပေါက်မွေးမြူရေးကန်မှအပ ကျန်ငါးမွေးမြူရေးကန်များအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းဆောင်ရွက်ခဲ့ပြီး ဌာနငွေစာရင်းသို့ ပေးသွင်းကြောင်း စိစစ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုချက်မရှိဘဲ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၉-၄-၂၀၁၅ ရက်နေ့တွင်

ကျင်းပသည့် အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) သဘောတူညီချက်ဖြင့် MICA သို့ လွှဲပြောင်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။ MICA နှင့် မင်းမဟာစံကုမ္ပဏီတို့သည် ၁၈-၃-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ငှားရမ်းခအဖြစ် တစ်နှစ်လျှင် တစ်ဧက(၁)သိန်းနှုန်းဖြင့် စုစုပေါင်း(၁၂၃၃.၄၆)ဧကအနက်မှ (၁၁၇၀)ဧကအား ငှားရမ်းခြင်းဖြစ်ပြီး ကျန်ရှိသည့်(၆၃.၄၆)ဧကအား ဌာနမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ၃၁-၃-၂၀၁၇ ရက်နေ့တွင် လုပ်ငန်းများရပ်နားထားရန် ဌာနက ကုမ္ပဏီသို့ အကြောင်းကြားထားသော်လည်း လက်ရှိမြေပြင်တွင် ငါးမွေးမြူခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိရပါသည်။ စာချုပ်တွင် MICA နှင့် မင်းမဟာစံကုမ္ပဏီတို့ချုပ်ဆိုထားသော်လည်း အမှန်တကယ် မြေပြင်တွင် ကုမ္ပဏီမှ လုပ်ငန်းရှင်(၁၆)ဦးအား ထပ်မံငှားရမ်း ချထားသည်ကို စိစစ်တွေ့ရှိရပါသည်။ ငှားရမ်းခများမှာလည်း (၂)သိန်း၊ (၂)သိန်းခွဲ၊ (၃)သိန်း စသည်ဖြင့် ငါးကန်ပြုပြင်ရမှုအခြေအနေပေါ် မူတည်၍ ငှားရမ်းထားကြောင်း စိစစ်တွေ့ရှိရပါသည်။ စာချုပ်တွင် တစ်ဆင့်အငှားချထားခြင်း၊ ထပ်ဆင့်လွှဲပြောင်းခြင်း (လုံး၀) မပြုလုပ်ရဆိုသည့် စည်းကမ်းချက်များပါ၀င်သော်လည်း စာချုပ်ပါစည်းကမ်းများကို ကုမ္ပဏီမှ ဖောက်ဖျက်ကျူးလွန်နေကြောင်းကိုလည်း စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံတော်သို့လည်း အခွန်အခများ ပေးသွင်းထားသည်ကိုလည်း မတွေ့ရှိရပါ။ လက်ရှိ စခန်းတွင် ကင်းတဲ(၆၂)လုံး၊ နေအိမ်(၂၁)လုံးနှင့် ဂိုဒေါင်(၃၃)လုံးရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့ပြင် ကုမ္ပဏီသည် တင်ဒါအောင်မြင်သော်လည်း အမှန်တကယ်တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲ တစ်ဧကလျှင်(၁၃၀၀၀၀)ကျပ်နှုန်းဖြင့် ထပ်မံငှားရမ်းချထားသည်ကို စိစစ်တွေ့ရှိရပါသည်။ အမှန်တကယ်ဆောင်ရွက်သည့် လုပ်ငန်းရှင်များမှလည်း ငါးကန်ပြုပြင်ထိန်းသိမ်းရခြင်းကြောင့် သတ်မှတ်ထားသည့် တစ်ဧက(၁၀၀၀၀၀)ကျပ်နှုန်းကို ကျော်လွန်၍ ပိုမိုပေးဆောင်နေရ၍ နိုင်ငံတော်က နစ်နာနေသည့်အပြင် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ MD ဦးဝင်းအေး ၏ တင်ပြချက်အရ စာချုပ်တွင် လက်မှတ်ရေးထိုးသူ MD ဦးနေလင်းဖော်သည် Passport (၂)ခု ကိုင်ဆောင်ထားပြီး အင်္ဂလန်နိုင်ငံသား ခံယူထားသူဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(၃) မအူပင်ဝါးတောကွင်း ငါးမွေးမြူရေးစခန်း(၃၀၀)ဧကသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်အတွင်းတည်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးမွေးမြူရေးစခန်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုမိန့်မရှိဘဲ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၉-၄-၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) သဘောတူညီချက်ဖြင့် MICA သို့ လွှဲပြောင်းဆောင်ရွက်ခွင့် ပြုခဲ့ခြင်း ဖြစ်ပါသည်။ MICA

နှင့် လုပ်ငန်းရှင် ဦးစောသန်းကျော်မင်း တို့သည် ၁၈-၃-၂၀၁၆ ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ငှားရမ်းခအဖြစ် တစ်နှစ်လျှင် တစ်ဧက(၁)သိန်းနှုန်းဖြင့် ဧက (၃၀၀)အား ငှားရမ်းခြင်းလုပ်ငန်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါသည်။ ငါးကန်အရေ အတွက်(၂၃)လုံး၊ ဧရိယာ(၂၄၅)ဧကရှိပြီး ကျန်သောက်ရေကန်၊ အဆောက်အအုံ နေရာနှင့် ကန်ပတ်မြောင်း(၅၅)ဧကဖြစ်ပြီး၊ စုစုပေါင်းဧက(၃၀၀)ဖြစ်ကြောင်း စိစစ် တွေ့ရှိရပါသည်။ မအူပင်ငါးမွေးမြူရေးကန် ငှားရမ်းခသည် တစ်ဧကကျပ်(၁)သိန်း ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး ပိုမိုခက်ခဲပြီး၊ တွံတေးငါးမွေးမြူရေးကန် ငှားရမ်းခနှုန်းထားနှင့် အတူတူဖြစ်နေသည်မှာ ပြန်လည်သုံးသပ်ရမည့်ကိစ္စဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

## သုံးသပ်အကြံပြုချက်များ

၇။ ကွင်းဆင်းစိစစ်ခဲ့သော MICA နှင့် စာချုပ်ချုပ်ဆို၍ ဆောင်ရွက်သော ခြံ၊ စက်ရုံ၊ လုပ်ငန်း၊ စခန်းများအား အောက်ပါအတိုင်း သုံးသပ်အကြံပြုတင်ပြအပ်ပါသည် -

(က) ရွာသာကြီးကြက်သားထုတ်စက်ရုံနှင့် အအေးခန်း(၁၀)ဧကသည် ယခင်မူလ နိုင်ငံတော် ပိုင်ပစ္စည်းများနှင့် အဆောက်အအုံများ၊ စက်ပစ္စည်းတန်ဖိုးများအား ထည့်သွင်း တွက်ချက်ခြင်းမရှိဘဲ၊ မြေငှားရမ်းခ နိုင်ငံတော်မှ ရရှိခြင်းသဘောဖြစ်သဖြင့် မူလ စက်ပစ္စည်းများကိုပါ ထည့်သွင်းတွက်ချက်၍ အကျိုးတူဆောင်ရွက်သင့်သည်ဟု သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

(ခ) ရွာသာကြီးကြက်သားထုတ်စက်ရုံအကျိုးတူ ငှားရမ်းခအဖြစ် တစ်လလျှင် ငွေကျပ် (၅၆)သိန်းကျော် ရရှိသည်မှာ စာချုပ်တွင်ဖော်ပြထားသော အကျိုးတူ (၃၀း၇၀) အချိုးမဟုတ်ဘဲ လစဉ် ပုံမှန်ငွေပေးသွင်းနေသည်ကို တွေ့ရှိရသဖြင့် အကျိုးအမြတ် အတွက် ခွဲဝေခြင်းမဟုတ်ဘဲ ပုံသေ ငွေပေးသွင်းနေခြင်းကြောင့် စာချုပ်ကို တိတိပပ စကားလုံးများဖြင့် ပြန်လည်ချုပ်ဆိုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဂ) ရွာသာကြီးကြက်သားထုတ်စက်ရုံ အအေးခန်း(၁၀)ဧကနှင့် ဆက်စပ်လျက်ရှိသည့် ငါးမွေးမြူရေးကန်(၇၃)ဧကအား တစ်နှစ်လျှင် တစ်ဧကကျပ်(၁)သိန်းနှုန်းဖြင့် ငှားရမ်း ဆောင်ရွက်ထားသည်ဟုဆိုသော်လည်း စာရင်းဇယားအရ တိကျစွာ ဖော်ပြမှုမရှိခြင်း၊ ထို့အပြင် ဒေသပေါက်ဈေးနှင့် လျော်ညီမှုမရှိခြင်းတို့ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများက ပြန်လည်သုံးသပ်၍ အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဃ) ရွာသာကြီး ဇုန် (A) နှင့် ဇုန် (D) သည် Glory Heyday Service Co.,Ltd နှင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်ပြီး စာချုပ်တွင် ဇုန် (A)အတွက် အမေရိကန်ဒေါ်လာ သန်း (၈၀)နှင့် ဇုန်(D)အတွက် အမေရိကန်ဒေါ်လာ သန်း(၆၀) ဘဏ်တွင် Deposit တင်ရမည်ဖြစ်သော်လည်း တင်သွင်းထားခြင်း မရှိသဖြင့် စာချုပ်ပါ စည်းကမ်းချက်

များကို လိုက်နာမှုမရှိဟု သုံးသပ်ရရှိပါသည်။ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက အများပြည်သူကို ပွင့်လင်းမြင်သာစွာဖြင့် ချပြဆွေးနွေးပြီးမှ အများဆန္ဒအရ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

( င) ဇုန်(A) နှင့် ဇုန်(D)သည် နိုင်ငံတော်နှင့်ကုမ္ပဏီတို့ အကျိုးအမြတ်ခွဲဝေယူမည့် (၃၀း၇၀)သည် နှုတ်ဖြင့်သာ သဘောတူညီမှုရှိထားသည်မှာ ယခုလို ကြီးမားသော စီမံကိန်းကြီးများတွင် မဖြစ်သင့်ပါ။ စာချုပ်တွင် တိတိကျကျ ခွဲဝေယူမည့် အကျိုးအမြတ်ကို ထည့်သွင်းချုပ်ဆို ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

( စ) ဇုန်(A) နှင့် ဇုန်(D)အတွက် Glory Heyday Service Co.,Ltd မှ ပေးသွင်းရန်ရှိသည့် Deposit ငွေများကို ဘဏ်သို့ ပေးသွင်းခြင်းမရှိသည့်အပေါ် စာချုပ်စည်းကမ်းအရ ထိရောက်စွာ ကိုင်တွယ်ရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဆ) တညင်းကုန်း အစာစပ်စက်ရုံ မြေလွတ်(၁)ဧက၊ စက်သုံးဆီအရောင်းဆိုင်သည် မိမိ၏ မူပိုင်အမည်အား မပေးဘဲ MICA Power စက်သုံးဆီ အမည်တပ်ထားခြင်းမှာ ပြည်သူလူထု အထင်အမြင်လွဲမှားစေသောကိစ္စဖြစ်သဖြင့် မိမိ မူပိုင်အမည်ဖြင့်သာ ရောင်းချသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

( ဇ) တညင်းကုန်းအစာစပ်စက်ရုံ မြေလွတ်(၁)ဧကနှင့် ဆက်စပ်လျက်ရှိသော ယခင် တိရစ္ဆာန်အစာများ ထုတ်လုပ်ဖြန့်ဖြူးသည့် အစာစပ်စက်ရုံအဟောင်း တည်ရှိနေသည်ကိုတွေ့ရှိရပြီး၊ ယခုအခါ တိရစ္ဆာန်အစာများ ထုတ်လုပ်မှုမရှိတော့ပါ။ စက်ပစ္စည်းကိရိယာများလည်း အသုံးမပြုတော့၍ အချို့ ပျက်စီးယိုယွင်းနေသည်ကို တွေ့ရှိရပါသည်။ MICA ၏ မူလရည်ရွယ်ချက်များထဲတွင်ပါဝင်သည့် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆိုသည့်အချက်တွင် တိရစ္ဆာန်အစာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းသည်လည်း သားငါးကဏ္ဍဖွံ့ဖြိုးရန် တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်သည့်အပြင် နိုင်ငံတော်တွင်လည်း Demand လိုအပ်ချက်ရှိသောကြောင့် ပြန်လည်ဆောင်ရွက်သင့်သောလုပ်ငန်းတစ်ခု ဖြစ်သည်ဟု သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

(ဈ) တညင်းကုန်းအုတ်စက်မြေ(၆၄.၅၄)ဧကတွင် Whole Sale Market တည်ဆောက်ခြင်းစီမံကိန်းလုပ်ကိုင်ရန် ရည်ရွယ်ထားသော်လည်း မြေပြင်တွင် ကျူးကျော်နေထိုင်သူများ အများအပြားရှိခြင်းကြောင့် ကျူးကျော်ပြဿနာများကို အရင်ဆုံးပြေလည်အောင် ညှိနှိုင်းရှင်းလင်းပြီးမှသာ ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သင့်သည်ဟု အကြံပြုတင်ပြအပ်ပါသည်။

(ည) ငါးတင်/ငါးချ ဆိပ်ခံတံတားနှင့် ငါးဈေးကွက်လုပ်ငန်း (Jetty) သည် ယခင် ကျေးလက် ဖွံ့ဖြိုးရေးဘဏ်သို့ ကျပ်သိန်းပေါင်း (၃၀၀၀၀)ခန့်အား ပြန်လည်ပေးဆပ်ရန် ကျန်ရှိ နေခြင်းနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဖော်ပြထားခြင်းမရှိသည့်အတွက် မည်သို့မည်ပုံ ပေးဆပ်မည်၊ မည်သည့်ကာလတွင် ပေးဆပ်မည်ဆိုသည့် အခြေအနေ မှန်ကို ဖော်ပြရန်လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

( ဋ) Batching Plant လုပ်ငန်းသည် Jetty နှင့် မြေနေရာ တစ်ဆက်တစ်စပ်တည်း ရှိသောလုပ်ငန်းဖြစ်ပါသည်။ မြေအကျယ်အဝန်း (၀.၅၅)ဧကအား ငှားရမ်းသည့် နှုန်းထားများ ဒေသပေါက်ဈေးနှင့် နှိုင်းယှဉ်ပါက နည်းနေပါသဖြင့် ပြန်လည် သုံးသပ်၍ ပြင်ဆင်ချုပ်ဆိုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

( ဌ) အင်းစိန်အနောက်ကြို့ကုန်းရှိ အောင်ဖြိုးမြတ်ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်သည့် စက်သုံးဆီ အရောင်းဆိုင်သည်လည်း အထက်တင်ပြပါ အပိုဒ်ခွဲ(ဆ)အတိုင်း မိမိ မူရင်းအမည်ဖြင့်သာ ရောင်းချသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

( ဍ) တွံတေးမြို့နယ်ရှိ ငါးမွေးမြူရေးစခန်း(၁၁၇၀)ဧကအား MICA နှင့် စာချုပ်ချုပ်ဆိုရာ တွင် လုပ်ငန်းရှင်ဖြစ်သူ MD ဦးနေလင်းဇော်သည် Passport (၂)ခု ကိုင်ဆောင်ထား သူဖြစ်ပြီး၊ ယခုအခါ အင်္ဂလန်နိုင်ငံသား ခံယူထားသည်ကို စိစစ်သိရှိရပြီး၊ မြန်မာ နိုင်ငံသို့ ပြန်လာခြင်းမရှိသည်ကို သိရှိရသည့်အတွက် မည်သည့်နိုင်ငံသား ခံယူ ထားခြင်း ရှိ/မရှိတို့ကိုပါ ကြိုတင်စိစစ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

( ဎ) တွံတေးငါးမွေးမြူရေးစခန်းရှိ ငါးကန်များအား ငှားရမ်းရာတွင် တင်ဒါအောင်မြင်သူ လုပ်ငန်းရှင်မှ အခြားလက်ဝေခံ လုပ်ငန်းရှင်များအား တစ်ဆင့်ပြန်လည်ငှားရမ်းခြင်း မပြုလုပ်ရဟု စာချုပ်တွင်ပါရှိသော်လည်း မြေပြင်တွင် လုပ်ငန်းလုပ်ကိုင်သူ(၁၆)ဦးအား ထပ်မံခွဲဝေ လုပ်ကိုင်ဆောင်ရွက်နေသောကြောင့် စာချုပ်စည်းကမ်းအရ လိုက်နာမှု မရှိကြောင်း သုံးသပ်ရရှိပါသည်။

(ဏ) မအူပင်ငါးမွေးမြူရေးစခန်း (၃၀၀)ဧကသည် တင်ဒါအောင် လုပ်ငန်းရှင်တစ်ဦး တည်း လုပ်ကိုင်နေသော်လည်း ၎င်းနေရာသည် တွံတေး ငါးမွေးမြူရေးစခန်းထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုခက်ခဲသဖြင့် တစ်နှစ်လျှင် တစ်ဧက ကျပ်(၁)သိန်းနှုန်းဖြင့် ငှားရမ်းခနှုန်းထား တူညီနေခြင်းအား ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

၈။ ကော်မတီသည် MICA နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့သည့် ခြံ/စက်ရုံ လုပ်ငန်း၊ စခန်း (၁၁)ခုအား ကွင်းဆင်းစိစစ်ခဲ့ပါသည်။ ကွင်းဆင်းစိစစ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည် -

(က) စာချုပ်များတွင် ငှားရမ်းခနှင့် အကျိုးအမြတ်သည် ဝေါဟာရ တိကျရှင်းလင်းမှု မရှိသဖြင့် တိတိပပစကားလုံးများသာ ထည့်သွင်းချုပ်ဆိုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ခ) ဝန်ကြီးဌာနနှင့် ကုမ္ပဏီများ စာချုပ်ချုပ်ဆိုရာတွင် ဥပဒေပညာရှင်များ၊ ရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ ရယူဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဂ) စာချုပ်အများစုသည် အစိုးရသစ်တက်ခါနီးမှ ဆောလျင်စွာချုပ်ဆိုခြင်းနှင့် အစိုးရသစ်တက်ခါစ အချိန်တိုအတွင်း၌ ချုပ်ဆိုခြင်းများ စိစစ်တွေ့ရှိရပါသဖြင့် စာချုပ်များကိုလည်း ယနေ့ခေတ်ကာလနှင့် လိုက်လျောညီထွေစွာချုပ်ဆို၍ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရန် ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဃ) အချို့စာချုပ်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ၊ စက်တင်ဘာလတို့တွင် သက်တမ်းကုန်ဆုံးပြီးဖြစ်ပါသည်။ ထို့ကြောင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများအား ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(င) MICA နှင့် စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့သော Rich Farm Co., Ltd, Glory Heyday Services Co., Ltd ၊ MICA Power တည်ဆောက်ရေး စက်သုံးဆီအရောင်းဆိုင်နှင့် FGDC Co.,Ltd တို့မှ ကော်မတီသို့ လုပ်ငန်းနှင့် စပ်လျဉ်းသည့် အကြံပြုစာများ ပေးပို့လာပြီး ၎င်းတို့မှ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်လိုကြောင်း ကော်မတီသို့ အကြံပြုတင်ပြလာသဖြင့် ၎င်းတို့၏ အကြံပြုစာများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(စ) MICA နှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်နေသောလုပ်ငန်းများတွင် Jetty လုပ်ငန်းတစ်ခုသာ MIC ခွင့်ပြုချက်ရယူထားသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်များဖြင့် လုပ်ငန်းများလုပ်ကိုင်နေခြင်းဟု ဌာနတာဝန်ရှိသူများမှ တင်ပြလာပါသည်။ လုပ်ငန်းများလုပ်ကိုင်ရာတွင် တိကျခိုင်မာသည့် မူဝါဒများကို ချမှတ်ထားရှိပြီး လုပ်ငန်းရှင်များဘက်ကလည်း တိတိကျကျ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဆ) ယခုအခါ MICA ဖျက်သိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဌာနနှင့် Deed of Assignment စာချုပ်များ ချုပ်ဆိုမှုတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ ပြောဆိုမှုများနှင့် ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးချုပ်များ၏ ပြောဆိုမှုများ ကွဲလွဲနေမှုအပေါ် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန်နှင့် နောင်တွင် မည်သို့ဆက်လက်စီမံဆောင်ရွက်သွားမည့်အစီအစဉ်များကို ဌာနမှ ရေးဆွဲထားသင့်သည်ဟု အကြံပြုတင်ပြအပ်ပါသည်။

(ဇ) MICA နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့်လည်း နစ်နာမှုမရှိစေရန်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေရန်၊ ထိုက်သင့်သည့်အခွန်အခများ ရရှိစေရန်နှင့် ပြည်သူများမှလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ၁၀-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဈ) MICA နှင့် ကုမ္ပဏီ/လုပ်ငန်းရှင်များ စာချုပ် ချုပ်ဆိုထားသော နှစ်ရှည် စာချုပ်များနှင့် တစ်နှစ်ချင်းအလိုက် ချုပ်ဆိုထားသော လုပ်ကိုင်ခွင့်များကို ခေတ်ကာလနှင့်အညီ ပြန်လည်သုံးသပ်၍ ပြင်ဆင်ချုပ်ဆိုသွားသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

(ည) MICA စတင်ဖွဲ့စည်းရာတွင် ပါဝင်ကြသူများသည် ဌာနမှ ပုဂ္ဂိုလ်အများစု ပါဝင်ခဲ့ကြပြီး၊ MICA ဖျက်သိမ်းရာတွင်လည်း ဌာနမှ ထိုပုဂ္ဂိုလ်များကပင် ပါဝင်နေကြသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၄-၂-၂၀၁၇ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ်(၁၈/၂၀၁၇) ဖြင့် ဖွဲ့စည်းခဲ့သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးကြီးကြပ်မှုကော်မတီကို ပြန်လည်သုံးသပ် ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဋ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနပိုင်များရှိ ခြံ/စက်ရုံ/လုပ်ငန်း/စခန်းများ (၁၉)ခု အကျိုးတူပူးပေါင်းဆောင်ရွက် ငှားရမ်းခြင်းအတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်အထိ ပြင်ပစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာ အရ စုစုပေါင်း(၅၀၃.၄၁)ကျပ်သန်း နိုင်ငံတော်မှ ငှားရမ်းခရရှိသော်လည်း တည်ဆဲ ဥပဒေများနှင့်အညီ ပြဋ္ဌာန်းထားသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အမြတ်ခွန် စသည့် အခွန်အခများအား နိုင်ငံတော်သို့ စနစ်တကျပေးသွင်းထားခြင်း ရှိသည်ကို စိစစ်တွေ့ရှိရပါသဖြင့် အခွန်အခများကိုလည်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများမှ ဥပဒေနှင့်အညီ စနစ်တကျပေးသွင်းနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ဌ) MICA ၏ မူလရည်ရွယ်ချက်သည် မြန်မာနိုင်ငံ၏ သားငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့သော်လည်း အမှန်မြေပြင်တွင် ဆောင်ရွက်နေသော လုပ်ငန်းများသည် မူလရည်ရွယ်ချက်များနှင့် ကွဲလွဲနေပါသဖြင့် ပြန်လည်သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

(ည) နိုင်ငံတော်သမ္မတရုံးမှ MICA အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်သိမ်းရန် သဘောတူ ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ သို့သော် အချိန်ကန့်သတ်ချက် မပါရှိသောကြောင့် အချိန်ကန့်သတ်ဇယား ထည့်သွင်းဆောင်ရွက်ပေးနိုင်ပါက လုပ်ငန်းများ ပိုမိုထိရောက်မည်ဖြစ်ကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါသည်။

(ဋ) စာချုပ်ပါ ငွေပေးသွင်းမှုများမှာလည်း MICA နှင့် ဦးစီးဌာန ရောထွေးနေပြီး ရှင်းလင်းမှုမရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

(ဌ) ကွင်းဆင်းစိစစ်ချက် အစီရင်ခံစာမှ ထုတ်နုတ်၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဦးစားပေးစိစစ်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**နိဂုံး**

၉။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၃ မှ ၁၀၁ အထိ၊ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာကျင့်သုံးပြီး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန်ရှိသော လုပ်ငန်းများဖြစ်သည့် MICA သို့ လွှဲပြောင်းလုပ်ငန်းလုပ်ကိုင်စေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စက်ရုံ (၄၉)ခုရှိပြီး၊ MICA နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့သော ခြံ/စက်ရုံ (၆)ခုအနက် (၅)ခုအား ကော်မတီမှ ကွင်းဆင်းစိစစ်ပြီး ဖြစ်ပါသည်။ MICA နှင့် စာချုပ်မချုပ်ဆိုဖြစ်ဘဲ ဌာနနှင့်သာ ချုပ်ဆိုခဲ့သော ခြံ/စက်ရုံ (၇)ခုရှိပြီး ငှားရမ်းစာချုပ် ချုပ်ဆိုပြီး၊ ခြံ/စက်ရုံပေါင်း (၁၃)ခုနှင့် ငှားရန်ကျန် ခြံ/စက်ရုံ(၃၆)ခု ကျန်ရှိပါသည်။ ထို့အပြင် ငါးလုပ်ငန်းဦးစီးဌာနပိုင် MICA နှင့် စာချုပ်ချုပ်ဆိုထားသည့် လုပ်ငန်း(၆)ခုကိုလည်း ကော်မတီမှ ကွင်းဆင်းစိစစ်ပြီးဖြစ်ပါသည်။ ငါးလုပ်ငန်းဦးစီးဌာနမှ MICA သို့ လွှဲပြီး၊ မလုပ်နိုင်သေးသည့် လုပ်ငန်း (၁၀)ခုအား မြေပြင်အခြေအနေအရ ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးများရှိ ကတိ/ကဝတ်ဖြစ်ပေါ်ခဲ့သော မေးခွန်း၊ အဆိုများနှင့်အတူ ထပ်မံသွားရောက်၍ ကွင်းဆင်းစိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်
အစိုးရ၏အာမခံချက်များ၊ကတိများနှင့်
တာဝန်ခံချက်များစိစစ်ရေးကော်မတီ

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

တညင်းကုန်းစက်သုံးဆီအရောင်းဆိုင်အား လေ့လာစိစစ်ခြင်း မြင်ကွင်းပုံ (ဘ)



တညင်းကုန်းအုတ်စက်မြေ (၆၄.၅၄)ဧကအား လေ့လာစိစစ်ခြင်း မြင်ကွင်းပုံ (ဘ-၁)



အင်းစိန် (အနောက်ကြို့ကုန်း) ငါးတင်ချ ဆိပ်ခံတံတား (Jetty) အား လေ့လာစိစစ်ခြင်း မြင်ကွင်းပုံ (ဘ-၂)



**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကြားဖြတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကြားဖြတ်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ ယနေ့(၁၆း၀၀)နာရီ နောက်ဆုံးထားပြီး အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။**　　　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]